Voice of Burma

Published by Voice of Burma Information Group

Issue No. 722 AUGUST 9, 2009

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN

Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com

# မျှတသည့် တရားစီရင်မှု ဖြစ်ရန်လိုဟု ဒေါ်အောင်ဆန်းစုကြည် တောင်းဆို

**DVB ၊ ဩဂုတ် ၃ ။** ။ မြန်မာနိုင်ငံမှာ မျှတတဲ့ တရားစီရင်မှုတွေ ဖြစ်လာအောင် နအဖဘက်က လုပ်ပေးဖို့လိုနေတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီနေ့ ကြေညာချက်ထုတ် ပြန်လိုက်ပါတယ်။

အင်းစိန်ထောင်တွင်း တရားစီရင်နေစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်က အင်္ဂလိပ်လိုရေးပြီး တရားရုံးဆီတင်ပြခဲ့တဲ့စာကို အများပြည်သူ သိရှိနိုင်အောင် ထုတ်ပြန်ရတာဖြစ်တယ်လို့ ပါတီပြန်ကြားရေးအဖွဲ့က ပြောပါတယ်။ ကြေညာချက်မှာပါတဲ့ အဓိကအချက်တွေကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေလည်းဖြစ် အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင်လည်းဖြစ်တဲ့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

“အဓိပ္ပါယ်ကတော့ တရားဥပဒေစိုးမိုးရေးဆိုတာ ဘယ်လိုအခြေအနေမှာ ဘယ်လိုဖြစ်သင့်လဲ၊ ဥပမာ တရားဥပဒေစိုးမိုးရေးဆိုတာ တရားမျှတစွာ လုပ်ဆောင်နေတယ်ဆိုတာနဲ့မပြီးဘူး။ လုပ်ဆောင်နေကြောင်းကို ပြည်သူ့အမြင်မှာလည်း ထင်ရှားစေရမယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို တကယ်နားလည်ဖို့ဆိုရင် သူ နှစ်ကြာရှည်စွာ ထိန်းသိမ်းခံခဲ့ရတဲ့ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ တရားမျှတမှု ရှိမရှိဥပဒေနဲ့ညီမညီ အဲ့ဒါတွေကို ပထမစုံစမ်းသိရှိဖို့လိုတယ်လို့ဖော်ပြထားပါတယ်။”

ဒီကြေညာချက်ဟာ ၁၁ ရက်နေ့ စီရင်ချက်မတိုင်မီ အချိန်ကိုက်ထွက်လာတဲ့အတွက် ဥပဒေအရ ပြဿနာတက်နေလို့ ရက်ရွှေ့ရတယ်ဆိုတဲ့ တရားသူကြီးကို ၁၁ ရက်နေ့မှာ တရားမျှတစွာ ဥပဒေနဲ့အညီစီရင်ဖို့ တိုက်တွန်းတဲ့ အဓိပ္ပါယ်လို့ အကဲခတ်တွေက ယူဆနေကြပါတယ်။ ဒီအတောအတွင်းမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းထဲရှိ မြေကွက်ရောင်းဝယ်မှုနဲ့ ပတ်သက်ပြီး ၁၁ ရက်နေ့မတိုင်မီ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်ရဖို့ လိုနေတယ်လို့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းဖြစ်နေကြတဲ့ ပါတီဗဟို အလုပ်အမှုဆောင်ကော်မီတီဝင်တွေကို ကူညီဆောင်ရွက်ပေးနိုင်ဖို့ လူလတ်ပိုင်းက အဖွဲ့ချုပ်ပါတီခေါင်းဆောင် ၁၄ ဦးကို ဒေါ်အောင်ဆန်းစုကြည်က တာဝန်ပေးလိုက်တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်း အမှုကိစ္စနဲ့တွေ့ ဆုံစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်က အခုလို အကြံပေးလိုက်တာဖြစ်ပြီး ဒါကို ဗဟိုအလုပ်အမှုဆောင်တွေကလည်း လက်ခံကြောင်းနဲ့ အဲဒီ ၁၄ ဦးက တာဝန်တွေထမ်းဆောင်နေပြီဖြစ်ကြောင်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်က ကျနော်တို့အဖွဲ့ချုပ် စီအီးစီလူကြီးတွေ အသက်ကြီးတာကြောင့် အဲ့ဒီလူကြီးတွေကို ဗဟိုအဖွဲ့ချုပ်မှာရှိနေတဲ့ ပုဂ္ဂိုလ်တွေထဲက အားလုံး ၁၄ ယောက်က ဝိုင်းဝန်းကူညီဖို့ ကျနော်တို့ကိုမှာပါတယ်၊ အခု ကျနော်တို့လည်း လုပ်နေပါတယ်။ စီအီးစီကလည်း လက်ခံသဘောတူပါတယ်။”

အီးစီတွေကို ကူညီပေးဖို့တာဝန်ထပ်တိုးပေးခံရသူ ၁၄ ဦးကတော့ ဦးဉာဏ်ဝင်း၊ ဦးသိန်းညွန့်၊ ဦးအုန်းကြိုင်၊ ဦးဟံသာမြင့်၊ ဒေါက်တာဝင်းနိုင်၊ ဒေါက်တာသန်းငြိမ်း၊ ဒေါက်တာမေဝင်းမြင့်၊ ဒေါ်ခင်ခင်ဌေးကြွယ်၊ ဦးလှမင်း၊ ဦးဟံ ဇော်၊ ဦးဝင်းမြင့်၊ ဦးစိန်လှဦး၊ ဦးသိန်းဦးနဲ့ အခြားတဦးဖြစ်တယ်လို့ ဦးဉာဏ်ဝင်း ကပြောပါတယ်။ အတိအကျ တာဝန်ခွဲထားတာမျိုးမဟုတ်ဘဲ ဗဟိုရုံးမှာနေစဉ် ရောက်နေသူတွေက လိုအပ်သလို ကူညီပေးဖို့သာ ဖြစ်တယ်လို့ သိရပါတယ်။

အဖွဲ့ချုပ်မှာ လက်ရှိ အီးစီ ၁၁ ဦးရှိပြီး အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က အင်းစိန်ထောင်၊ ဒုဥက္ကဋ္ဌ ဦးတင်ဦးက အကျယ်ချုပ်၊ ဥက္ကဋ္ဌ ဦးအောင်ရွှေက ကျန်းမာရေးမကောင်းလို့ ခွင့်ယူ၊ အတွင်းရေးမှူးအဖွဲ့ဝင် ဦးလွင်လည်း ကျမ်းမာရေးမကောင်းလို့ ခွင့်ယူ၊ ဦးလွန်းတင်လည်း ကျန်းမာရေးမကောင်းတဲ့အတွက် လက်ရှိရုံးတက်နေတဲ့ အီးစီ ၆ ဦးသာရှိတယ်လို့သိရပါ တယ်။ အဲဒီ ၆ ဦးက မကြာသေးခင်ကမှ ထောင်ကလွတ်လာသူတွေဖြစ်တဲ့ ဦးဝင်းတင်နဲ့ဦးခင်မောင်ဆွေ၊ နောက် ဦးညွန့်ဝေ၊ ဦးလှဖေ၊ ဦးစိုးမြင့်နဲ့ ဦးသန်းထွန်း တို့ ဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံအခြေအနေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း ရှင်းလင်း
စာမျက်နှာ ၃

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးမှ ကြေညာချက်ထွက်ပေါ်လာ
စာမျက်နှာ ၅

၂၀၁၄ တွင် နအဖ စစ်အုပ်စုနျူကလီးယားလက်နက် ပိုင်ဆိုင်နိုင်ဖွယ်ရှိဟုဆို
စာမျက်နှာ ၁၀

ဒေါ်စုက ပါတီခေါင်းဆောင်တွေကို ကူညီရန် လူလတ်ပိုင်း ၁၄ ဦးကို တာဝန်ပေး
စာမျက်နှာ ၁၂

အကျဉ်းသားတွေ ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ စာရင်းကောက်နေပြီ
စာမျက်နှာ ၁၅

**VOB အာဘော်**

# ရှစ်လေးလုံး ၂၁ နှစ်ပြည့်မြောက်နေ့မှသည်

၂၀၀၉ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ရှစ်လေးလုံး မြန်မာ့ဒီမိုကရေစီအရေးတော် ၂၁ နှစ်ပြည့်ပြီ ဖြစ်သည်။ ၁၉၈၈ ခုနှစ်မှစတင်ခဲ့သည့် ပြည်သူများလိုလား တောင့်တသည့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ လွတ်လပ်ခွင့် ရည်မှန်းချက်သည် ပြည့်ဝခြင်းမရှိသေးပေ၊ ၁၉၆၂ ခုနှစ်မှ စတင်တည်ဆောက်ခဲ့သည့် စစ်အာဏာရှင်များ၏ အာဏာရှင်စနစ်တံတိုင်းကြီးသည် ခိုင်မာတောင့်တင်းလှသည့်အတွက် ဒီမိုကရေစီအင်အားစုများသည် ၂၁ နှစ်ကြာလာသည့်တိုင် အပြီးတိုင်ဖြိုလှဲနိုင်ခြင်းမရှိသေးပေ၊ သို့သော် ယုံကြည်ချက် ခံယူချက် ခိုင်မာပြင်းပြစွာဖြင့်ကြိုးပမ်းနေဆဲဖြစ်သည်။ ဤသည်ကား စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် အရေးကြီးသည့်အချက်ဖြစ်သည်။

စစ်အာဏာရှင်များကလည်း ၎င်းတို့ချုပ်ကိုင်ထားသောအာဏာ မလွှတ်ပေးရရေးအတွက် နည်းမျိုးစုံဖြင့်ကြိုးပမ်းလျက်ရှိသည်။ လက်ရှိမြန်မာနိုင်ငံအခြေအနေက စစ်အာဏာရှင်များရော ပြည်သူပြည်သားများပါ ဒီမိုကရေစီအင်အားစုများက အခက်အခဲအကျပ်အတည်းပေါင်းစုံနှင့် ကြုံနေရသည်။ နိုင်ငံရေးအကျပ်အတည်းကို အကြောင်းပြု၍ နိုင်ငံတွင်း၌ စီးပွားရေး၊ လူမှုရေးအကျပ်အတည်းပေါင်းစုံဖြစ်ပွားနေခြင်းဖြစ်သည်။ ထို့ကြောင့် အကျပ်အတည်းပေါင်းစုံ၏ ရေသောက်မြစ်ဖြစ်သည့် နိုင်ငံရေးအကျပ်အတည်းကို ဦးစားပေးဖြေရှင်းမှသာ အခြားရင်ဆိုင်ကြုံတွေ့နေရသည့် အကျပ်အတည်းများကိုထိရောက်အောင်မြင်စွာဖြေရှင်းနိုင်မည်ဖြစ်သည်။

မြန်မာ့နိုင်ငံရေးအကျပ်အတည်းကိုဖြေရှင်းရေး၌ ဒေါ်အောင်ဆန်းစုကြည်သည်အဓိကအကျဆုံးနေရာမှပါဝင်နေသည်ကို မည်သူမျှပစ်ပယ်၍မရပေ။ သူမအားထောက်ခံသူများရော ကန့်ကွက်သူများရော ဆန့်ကျင်သူများပါ လက်ခံရမည့်အချက်ဖြစ်သည်။ ဤအချက်ကို မြန်မာ့ဒီမိုကရေစီအင်အားစုများရော၊ နိုင်ငံတကာအသိုင်းအဝိုင်းကပါ အခိုင်အမာလက်ခံထားပြီးဖြစ်သည်။ ထိုမျှမကသေး တိုင်းရင်းသားလူမျိုးစုများကလည်း ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းရင်းသားအရေးကို ကောင်းစွာကိုင်တွယ်နိုင်မည်ဟုယုံကြည်ထားသည့်အပြင် သူမ၏ဦးဆောင်မှုနှင့်အရည်အချင်းကို လုံးဝယုံကြည်သည်။ ထို့ကြောင့် နအဖစစ်အာဏာရှင်များအား ဒေါ်အောင်ဆန်းစုကြည်အားအမြန်ဆုံးလွှတ်ပေးရန် အားလုံးက တစိုက်မတ်မတ်နှင့် အလေးထားတောင်းဆိုနေကြခြင်းဖြစ်သည်။

နအဖစစ်အာဏာရှင်များအနေဖြင့် ပြည်တွင်းပြည်ပအင်အားစုများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကတောင်းဆိုချက်များကို အလေးထားစဉ်းစားကာ နိုင်ငံအနာဂတ်၊ ပြည်သူများ၏နောင်ရေး၊ မိမိတို့၏နောင်ရေးကို ရှေးရှု၍ ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးပြန်လွှတ်ကာ နိုင်ငံရေးအကျပ်အတည်းကို လက်တွဲဖြေရှင်းရန်မှာ အရေးတကြီးလုပ်ဆောင်ရမည့်အလုပ်ဖြစ်သည်။ ပြည်တွင်းအခြေအနေ၊ နိုင်ငံတကာအခြေအနေများက နအဖစစ်အာဏာရှင်များအနေဖြင့် နိုင်ငံရေးအရ အကောင်းဆုံးအဖြေထုတ်ရန် အချိန်ကျနေပြီဖြစ်သောကြောင့် ရှစ်လေးလုံး ၂၁ နှစ်ပြည့်မြောက်အချိန်တွင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးခြင်းနှင့် ထိုမှတဆင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို လက်တွဲညှိနှိုင်းကာ အမြန်ဆုံးအကောင်အထည်ဖော်ရန် တိုက်တွန်းရေးသားလိုက်ပေသည်။

---

# တိုင်းရင်းသားကိစ္စကို စစ်ရေးနဲ့ဖြေရှင်းလို့မရနိုင်၊ နိုင်ငံထောမွန် နအဖကို သတိပေး

**NEJ। ဩဂုတ် ၆ ။** ။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားပြဿနာများကို စစ်ရေးနည်းဖြင့် ဖြေရှင်းနိုင်မည်မဟုတ်သကဲ့သို့ ယင်းသို့ဖြေရှင်းပါက စစ်မှန်သော ငြိမ်းချမ်းရေးကိုလည်း ရရှိနိုင်လိမ့်မည်မဟုတ်ကြောင်း မွန်ပြည်သစ်ပါတီဥက္ကဋ္ဌကြီး နိုင်ထောမွန်က နအဖ စစ်အစိုးရအား သတိပေးလိုက်ပါတယ်။

ဩဂုတ် ၅ ရက်၌ကျရောက်သည့် ၆၂ ကြိမ်မြောက် မွန်အမျိုးသားတော်လှန်ရေးနေ့တွင် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌက ၎င်း၏သဝဏ်လွှာမိန့်ခွန်းတွင် ပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ ၎င်း၏မိန့်ခွန်းတွင် မွန်ပြည်သစ်ပါတီသည် အပစ်အခတ်ရပ်စဲရေးပြုလုပ်ခဲ့သည်မှာ ၁၄ နှစ်ကျော်ခဲ့သော်လည်း မွန်အမျိုးသားတို့ ကိုယ့်ကျမ္မာကိုယ်ဖန်တီးနိုင်ရေးအတွက် တိုက်ပွဲဝင်ရာတွင် အောင်မြင်မှုမရရှိသေးကြောင်း ဝန်ခံထားပါတယ်။

ထို့အပြင် စစ်မှန်သော ပြည်ထောင်စုပေါ်ပေါက်လာရေးအတွက် အဖွဲ့အစည်းအများစုက ဆောင်ရွက်နေကြသော်လည်း အာဏာရစစ်အစိုးရက ယခုအချိန်အထိ လက်ခံခြင်းမရှိသေးကြောင်း၊ နိုင်ငံရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသားအဖွဲ့အစည်းတို့ စည်းလုံးညီညွတ်မှု အားနည်းနေခြင်းကြောင့် လိုအပ်သည့်အောင်ပွဲဆီ မရောက်ရှိခြင်းဖြစ်ကြောင်း တို့ကိုလည်း ဖော်ပြထားပါတယ်။

မွန်အမျိုးသားတို့အတွက် ကိုယ်ပိုင်ပြဌာန်းခွင့် အာမခံချက်မရှိဘဲ ပါတီနှင့် ပါတီ၏တပ်မတော်ကို ခွဲထားခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံ၏ပြဿနာကို တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ အဖြေရှာနိုင်မည်ဖြစ်ကြောင်း အကြံပြုစာကိုလည်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့ မွန်ပြည်သစ်ပါတီက ယမန်နေ့ကပေးပို့ခဲ့ပါတယ်။

နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းရန် နအဖ စစ်အစိုးရ၏ ကမ်းလှမ်းချက်ကို မွန်ပြည်သစ်ပါတီက လက်မခံဘဲ ဂျူလိုင် ၂၇ ရက်တွင် ကျင်းပခဲ့သည့် ပါတီဗဟိုကော်မတီဝင်များ၏ အရေးပေါ်အစည်းအဝေးမှ ပယ်ချခဲ့ခြင်းဖြစ်ပါတယ်။ နအဖ စစ်အစိုးရ၏ကမ်းလှမ်းချက်ကို လက်မခံပယ်ချခဲ့သည့် မွန်ပြည်သစ်ပါတီ၏ ရပ်တည်ချက်အား ကျန်ဘဝတူအပစ်ရပ်အဖွဲ့ဝင်များအပါအဝင် အဝေးရောက်မွန်အဖွဲ့အစည်းတို့က ကြိုဆိုထောက်ခံကြောင်း သိရပါတယ်။

‘ဝ’ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA က မွန်ပြည်သစ်ပါတီ၏ ရပ်တည်ချက်အားကြိုဆိုကြောင်း UWSA တပ်မှူးတဦးက ပြောကြားပါတယ်။ ၎င်းက “နအဖ ကမ်းလှမ်းချက်က တိုင်းရင်းသားတွေအတွက် ဘာမှအကျိုးရလဒ်ကောင်းတွေ ဖြစ်လာမှာမဟုတ်လို့ မွန်ပြည်သစ်ပါတီက ဒီလိုလက်မခံကြောင်း ဆုံးဖြတ်လိုက်တာကို ကျနော်တို့ကထောက်ခံတယ်။ ဒီလိုရပ်တည်ချက်ကြောင့် ကျနော်တို့ဒေသမှာ နအဖ က တပ်အင်အားတွေတိုးချဲ့ထားပြီး ဆက်ဖိအားပေးနေတယ်။ ကျနော်တို့ တိုင်းရင်းသားတွေဘက်ကတော့ ငြိမ်းချမ်းစွာနဲ့ဖြေရှင်းချင်တယ်။ ဒါပေမယ့် နအဖ ဘက်က အရင်ချိုးဖောက်လာရင်တော့ ဘယ်လက်နက်ကိုင်အဖွဲ့မှ တတ်နိုင်မှာမဟုတ်ဘူး၊ ပြန်ပြီးတုန့်ပြန်ရမှာဘဲ။” ဟု ပြောပါတယ်။

ဘုရားသုံးဆူနယ်စပ်တနေရာတွင် ကျင်းပခဲ့သည့် ၆၂ ကြိမ်မြောက် မွန်အမျိုးသားတော်လှန်ရေးနေ့အခမ်းအနားသို့ ဒေသခံ နအဖ၊ ထိုင်းအာဏာပိုင်များနှင့်

**တဖက်သို့**

# လက်ရှိမြန်မာနိုင်ငံအခြေအနေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း ရှင်းလင်း

**NEJ ၊ ဩဂုတ် ၆ ။** ။ နအဖစစ်အုပ်စုအာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးမှုရှိ မရှိဆိုသည်ကို နိုင်ငံတကာအသိုင်းအဝိုင်းက အသေအချာစောင့်ကြည့်နေကြောင်း ကုလသမဂ္ဂအတွင်းအရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ပြောကြားလိုက်ပါတယ်။

မြန်မာနိုင်ငံ တိုးတက်မှုအခြေအနေများနဲ့ပတ်သက်ပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံနဲ့ ဒေသတွင်းအုပ်စုတခုပါဝင်တဲ့ မြန်မာ့မိတ်ဆွေများအဖွဲ့နဲ့ နယူးယောခ်ကုလသမဂ္ဂရုံးချုပ်မှာပြုလုပ်တဲ့ ယမန်နေ့အစည်းအဝေးမှာ အခုလိုပြောကြားလိုက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အနာဂါတ်မှာအရေးကြီးတဲ့ အခြေခံကိစ္စရပ်များအတွက် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ စိုးရိမ်ပူပန်မှုများ၊ မျှော်လင့်ချက်များ၊ တိုက်တွန်းအားပေးမှုများကို မြန်မာအစိုးရအနေဖြင့် အပြုသဘောဖြင့် အချိန်မီတုန့်ပြန်သည်ကို မြန်မာ့မိတ်ဆွေနိုင်ငံများက မြင်လိုကြကြောင်း မစ္စတာဘန်ကီမွန်းက သတင်းထောက်များကို ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့လအတွင်း မြန်မာနိုင်ငံသို့သွားရောက်ခဲ့သည့် ၎င်းယခရီးစဉ်အတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တွေ့ဆုံရာတွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရန်၊ အစိုးရနှင့်အတိုက်အခံအကြား ခိုင်မာသည့်တွေ့ဆုံဆွေးနွေးရေးပြုလုပ်ရန်နှင့် ၂၀၁၀ ရွေးကောက်ပွဲကို စစ်မှန်သည့်ရွေးကောက်ပွဲဖြစ်စေမည့် အခြေအနေများ ဖန်တီးပေးရန်ဆိုသည့် အချက်သုံးချက်ကို အဓိကတောင်းဆိုခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုအား စီရင်ချက်ချမည့်ကိစ္စနှင့်ပတ်သက်၍လည်း မြန်မာစစ်အစိုးရအနေဖြင့် အသေအချာစဉ်းစားလုပ်ဆောင်ရန်နှင့် ယင်းအခြေအနေသည် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန် အခွင့်အရေးတရပ်ရရှိခြင်း ဖြစ်သည်ဟုလည်း နိုင်ငံတကာအသိုင်းအဝိုင်းက မျှော်လင့်နေကြကြောင်း မစ္စတာဘန်ကီမွန်းက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်၏အမှုအား စီရင်ချက်ချရန် ပြီးခဲ့သည့်သောကြာနေ့က ရုံးချိန်းတင်ခဲ့သော်လည်း ယခု ၁၁ ရက်သို့ အင်းစိန်အထူးတရားရုံးမှ ရက်

---

# အမေရိကန်ဆီးနိတ်လွှတ်တော်အမတ်မြန်မာနိုင်ငံသွားမည်

**BBC ၊ ဩဂုတ် ၇ ။** ။ အမေရိကန်ဆီးနိတ်လွှတ်တော်က အရှေ့အာရှနဲ့ ပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဂျင်မ်ဝက်ဘ်ဟာ လာမယ့် အပတ်ထဲမှာ မြန်မာနိုင်ငံကိုသွားရောက်မှာ ဖြစ်ပါတယ်။

သူဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုကို စီရင်ချက်ချမယ်လို့သတ်မှတ်ထားတဲ့ ဩဂုတ်လ ၁၁ ရက်နေ့မှာ မြန်မာနိုင်ငံကိုရောက်လာနိုင်တယ်လို့လည်း သိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအတွက် အမေရိကန်အစိုးရရဲ့ တိုက်ရိုက်ဆောင်ရွက်ချက်အဖြစ် မစ္စတာဝက်ဘ် သွားတာဖြစ်တယ်လို့ အမေရိကန်လွှတ်တော်အမတ်တချို့က BBC ကို ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေလုပ်ရင် အမေရိကန်အစိုးရက ပိတ်ဆို့အရေးယူထားတာတွေ ရုပ်ပေးပြီး အမေရိကန်ရဲ့ရင်းနှီးမြှုပ်နှံမှုတွေဝင်လာအောင် စီစဉ်ပေးမယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကလည်း မကြာခင်က ပြောထားခဲ့ပါတယ်။ မစ္စတာဝက်ဘ်ဟာ နေပြည်တော်မှာ နိုင်ငံခြားရေးဝန်ကြီးအပါအဝင် တခြားမြန်မာအဆင့်မြင့်အရာရှိတွေနဲ့ တွေ့ဆုံဖို့ရှိတယ်လို့ သိရပါတယ်။

---

**တဖက်မှ**

ရွှေ့ပြောင်းခဲ့သည်။ မြန်မာနိုင်ငံတွင်ရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထိရောက်သည့်စုပေါင်းကူညီမှုသည် အရေးကြီးသကဲ့သို့ လိုအပ်လျက်ရှိကြောင်းလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အစည်းအဝေးတွင် အလေးထားပြောကြားသွားပါတယ်။

မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ကုလသမဂ္ဂ၏ကြိုးပမ်းဆောင်ရွက်ချက်များကို ဆွေးနွေးညှိနှိုင်းရာတွင် ဆွေးနွေးဘက်နိုင်ငံများမှာ ဩစတေးလျ၊ တရုတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ နော်ဝေ၊ ရုရှား၊ စင်္ကာပူ၊ တောင်ကိုရီးယား၊ ထိုင်း၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်ကြပါတယ်။ ရှေ့လာမည့်လတွင် ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံကိစ္စ သီးခြားဆွေးနွေးကြရန်ရှိတယ်လို့လည်းသိရပါတယ်။

---

# ချူကလီးယား အစီအစဉ်ကို စုံစမ်းမည်

**DVB ၊ ဩဂုတ် ၅ ။** ။ နအဖစစ်အုပ်စုရဲ့ ချူကလီးယားအစီအစဉ်နဲ့ ပတ်သက်လို့ စုံစမ်းဖော်ထုတ်ဖို့ နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီ အိုင်အေအီးအေကို တောင်းဆိုလိုက်ပါတယ်။

နအဖ စစ်အုပ်စုက ချူကလီးယားဓာတ်ပေါင်းဖို လျှို့ဝှက်တည်ဆောက်နေတယ်လို့ သတင်းတွေထွက်ပေါ်လာပြီးနောက် အမေရိကန် ပြည်ထောင်စုရှိ ချူကလီးယားမပျံ့ပွားရေးပညာရှင်တွေက အိုင်အေအီးအေကို တောင်းဆိုလိုက်တာပါ။ အိုင်အေအီးအေ အဖွဲ့ဝင်ဖြစ်တဲ့ မြန်မာပြည်မှာ ချူကလီးယားလက်နက်တပ်ဆင်ရေး လုပ်နေသလားဆိုတာ ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆောင်ရွက်ဖို့ အမေရိကန်ပညာရှင်တွေက ဒီလို တောင်းဆိုချိန်မှာ မြန်မာ့အိမ်နီးချင်း ထိုင်းအစိုးရက အလားတူ စုံစမ်းမှုကိုစတင်ဆောင်ရွက်နေပြီလို့ သတင်းထွက်ပေါ်လာပါပြီ။

နအဖစစ်အုပ်စုဟာ မြောက်ကိုရီးယားနဲ့ လျှို့ဝှက်ချူကလီးယားအစီအစဉ်တွေလုပ်နေသလားဆိုတာကို စုံစမ်းစစ်ဆေးနေတယ်လို့ ယူအန်အိုင် သတင်းမှာ ဖော်ပြထားပါတယ်။ ထိုင်းအမျိုးသား လုံခြုံရေးအေဂျင်စီအကြီးအကဲ သာဝီပလင်ဆရီက ထိုင်းထောက်လှမ်းရေးအေဂျင်စီရဲ့ စုံစမ်းစစ်ဆေးမှုအရ ဘာအထောက်အထားမှ မတွေ့ရသေးကြောင်း ပြောတယ်လို့ ဆိုပါတယ်။ မြန်မာစစ်အုပ်စုဟာ အရှေ့တောင်အာရှ ချူကလီးယားလက် နက်ကင်းမဲ့ရေးဇုန် သဘောတူညီချက်ကို စောင့်ထိန်းလိုက်နာမှာပါလို့ ထိုင်းနိုင်ငံခြား ရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားပါတယ်။

---

**တဖက်မှ**

အဆိုပါဒေသရှိ ဘဝတူအပစ်ရပ်အဖွဲ့အစည်းတို့လည်း တက်ရောက်အားပေးခဲ့ကြပါတယ်။ နအဖ ၏နယ်ခြားစောင့်တပ်ပြောင်းရန် ကမ်းလှမ်းချက်ကို ပထမဆုံးလက်ခံခဲ့သည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA အရာရှိများနှင့် နီးစပ်သူစီးပွားရေးသမားတဦးက

" DKBA မှာက အထက်ပိုင်းက သဘောထားတွေအပေါ်မှာ မူတည်နေတယ်။ သာမန်အောက်ခြေနဲ့ အလယ်အလတ်အဆင့်အဖွဲ့ဝင်တွေက ဒီနယ်ခြားစောင့်တပ်ကိစ္စမှာ လက်မခံနိုင်ကြပေမယ့် သူတို့အတွက် ရွေးစာရာလမ်းကသိပ်မရှိဘူး။ ဒီမွန်ပြည်သစ်ရဲ့ရပ်တည်ချက်နဲ့ပတ်သက်ပြီး DKBA ရဲ့အထက်ပိုင်းက အသံတွေတော့မကြားမိဘူး။ သာမန်အဖွဲ့ဝင်တွေကတော့ အားကျကြတာတော့ ကျနော်ကြားရတယ်။" လို့ပြောပါတယ်။

နအဖ စစ်အစိုးရရဲ့ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေးကို ငြင်းပယ်လိုသည့် လက်နက်ကိုင် အပစ်ရပ်အဖွဲ့ဝင်များတွင် '၀' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၊ ကချင်လွတ်လပ်ရေးတပ်မတော်၊ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) တို့ပါဝင်ပါတယ်။ မွန်ပြည်သစ်ပါတီစတင်တည်ထောင်ပြီး ယနေ့အချိန်အထိ အနှစ် ၅၀ ကျော်အတွင်း မွန်အမျိုးသားရေးအတွက် တာဝန်ထမ်းရွက်ရင်း အသက်ဆုံးရှုံးသွားခဲ့သူ ရဲဘောအာဇာနည်ပေါင်း ၉၅၀ ကျော်ရှိကြောင်းနှင့် ၆၂ ကြိမ်မြောက် မွန်အမျိုးသားတော်လှန်ရေးနေ့ အခမ်းအနားများကို ဗဟိုဌာနချုပ်တည်ရာ ရေးချောင်းဖျားနယ်မြေ၊ ထားဝယ်ခရိုင်နယ်မြေ၊ မော်လမြိုင်ခရိုင် ကြာအင်းဆိပ်ကြီးနယ်မြေ သထုံခရိုင် ကော့ပိန်းနယ်မြေနှင့် ဘုရားသုံးဆူနယ်စပ်တို့တွင် ခရိုင်အလိုက် အသီးသီးကျင်းပခဲ့ကြောင်း သိရပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို ၁၁ ရက်နေ့ နောက်ဆုံးထားပြန်လွှတ်ပေးရန်တောင်းဆို

**DVB | ဩဂုတ် ၅ ||** || စစ်အုပ်စုအနေနဲ့ မတရားအမှုဆင် ဖမ်းဆီး တရားစွဲဆိုထားတဲ့ မြန်မာ့ဒီမိုကရေစီ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ဩဂုတ်လ ၁၁ ရက်နေ့ နောက်ဆုံးထား ပြန်လွှတ်ပေးဖို့ သောတုဇနဘိက္ခု မြန်မာနိုင်ငံလုံးဆိုင်ရာ စာသင်ရဟန်းတော်များ သမဂ္ဂက တောင်းဆိုလိုက်ပါတယ်။

စစ်အုပ်စုက ဒီတောင်းဆိုချက်ကို မလိုက်လျောဘူးဆိုရင် ရဟန်းရှင်လူ ကျောင်းသားပြည်သူနဲ့ ထိပ်တိုက်ရင်ဆိုင်ရလိမ့်မယ်လို့လည်း သူတို့ရဲ့ ဒီနေ့ ထုတ်ပြန်တဲ့ ကြေညာချက်ထဲမှာ ဖော်ပြထားကြောင်း သောတုဇနဘိက္ခု မြန်မာနိုင်ငံလုံးဆိုင်ရာ စာသင်ရဟန်းတော်များသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ အရှင် စန္ဒရမုနိက အခုလို မိန့်ပါတယ်။

"မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် မတရားချုပ်နှောင်ဖမ်းဆီးခံထားတဲ့အတွက် ဦးဇင်းတို့က ခံပြင်းနေတာ။ မဟုတ်မမှန် စွပ်စွဲချက်တွေနဲ့။ ဦးဇင်းတို့ပြည်သူတွေ၊ ရဟန်းသံဃာ ဩဂုတ်လ စက်တင်ဘာလ တုန်းကလည်း မတရားဖမ်းဆီးချုပ်နှောင်လိုက်တယ်။ ငြိမ်းချမ်းစွာဆန္ဒပြတာကို ဦးဇင်းတို့ကလည်း လုံးဝကို စိတ်ထဲမှာခံပြင်းနေတယ်။ နအဖစစ်အုပ်စုဟာ မမှန်ကန်တဲ့ စွပ်စွဲချက်နဲ့ ပြည်သူတွေကိုလှည့်ပတ်ပြီး လိမ်ညာနေတာ ဘုရားတရားတော်နဲ့ လုံးဝမကိုက်ညီဘူး။"

"ဒေါ်အောင်ဆန်းစုကြည်ကို မလွှတ်ဘူးဆိုရင် ဦးဇင်းတို့ ပြည်သူလူထု အသွေးအသားထဲမှာရှိတဲ့ ဆန္ဒရယ်၊ သောတုဇနဘိက္ခု မြန်မာနိုင်ငံလုံးဆိုင်ရာ စာသင်ရဟန်းတော်များသမဂ္ဂအဖွဲ့ချုပ် အသွေးအသားထဲမှာရှိတာကို ဆက်လက်ပြီးတောင်းဆိုမှာဖြစ်ပါတယ်၊ အောင်မြင်မှုရရှိမယ်လို့ ဦးဇင်းတို့ယုံကြည်ပါတယ်။"

အခုလို ဒေါ်အောင်ဆန်းစုကြည်အပေါ် စစ်အုပ်စုက မတရားအမှုဆင်ထောင်ချဖို့ကြံစည်နေတဲ့အပေါ် မိမိတို့ရဲ့ ဆန္ဒတွေကို သံဃာတော်တွေနဲ့အတူ ဖော်ထုတ်ကြဖို့ကိုလည်း အရှင်စန္ဒရမုနိ က တိုက်တွန်း မိန့်ကြားပါတယ်။

"သံဃာပိုင်းဆိုင်ရာက စာသင်တိုက်အကုန်လုံးပဲ ခံပြင်းနေတာပါ။ ဒကာဒကာမတွေနဲ့ တက္ကသိုလ်မောင်မယ်... တက္ကစီသမားတွေကအစ မြန်မာနိုင်ငံဟာ နောက်ဆုံးအချိန်ကျရောက်နေတဲ့အတွက် ငြိမ်မခံကြဖို့၊ နအဖစစ်အုပ်စုဟာ လုံးဝဝေ့လည်ကြောင်ပတ်လုပ်နေတယ်၊ မကောင်းဆုံးဝါးမင်းကို လုံးဝဖယ်ရှားပစ်စေချင်တယ်။ မလုပ်သေးတဲ့ ပြည်သူလူထုရော၊ ရဟန်းသံဃာတွေရော၊ ဩဝါဒစရိယ နိုင်ငံတော်သံဃာ့နာယက ဆရာတော်တွေရော၊ မန္တလေးက ဆရာတော်တွေရော၊ နအဖရဲ့ လက်ကိုင်တုတ်ဖြစ်တဲ့ ဩဝါဒစရိယတွေအစုံ ဦးဇင်းတို့ ရဟန်းပျိုတွေနဲ့ ပူးပေါင်းပြီး ပါဝင်စေချင်တဲ့ဆန္ဒကို တောင်းဆိုချင်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ကို အမေရိကန်နိုင်ငံသားတဦး ရေကူးခိုးဝင်မှုနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုက နေအိမ်အကျယ်ချုပ်စည်းကမ်း ဖောက်ဖျက်မှုနဲ့ တရားစွဲဆိုခံထားရပြီး လာမယ့် ၁၁ ရက်နေ့မှာ အမိန့်ချမှတ်မှာ ဖြစ်ပါတယ်။

# ချောက်က ၈လေးလုံး အကြိုလှုပ်ရှားမှု

**DVB | ဩဂုတ် ၇ ||** || မကွေးတိုင်း ချောက်မြို့မှာ သံတိုင်နောက်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုံနဲ့ လွှတ်ပါ ရေးထားတဲ့စာရွက်တွေ မနေ့ညက လူငယ်တစု လိုက်ကပ်ခဲ့ကြတယ်လို့ မြို့ခံတွေက ပြောပြပါတယ်။

ဒီစာရွက်တွေကို မြို့ထဲ၊ ဈေးနဲ့ ဘုရားမှာ ကပ်တာဖြစ်ပြီး ဒီနေ့ မနက်ပိုင်းမှာ အာဏာပိုင်တွေ လိုက်ခွာနေတာတွေ့ရတယ်လို့ မြို့ခံတဦးက ပြောပါတယ်။

"ဘုရားပေါ်မှာ ကပ်တယ်တဲ့၊ ဈေးဘက်လမ်းကြားတွေမှာလည်း ကပ်တယ်တဲ့။ ကြံ့ဖွံ့နဲ့ စွမ်းအားရှင်တွေက ကပ်ထားတဲ့စာရွက်တွေကို လိုက်ခွာတယ်လို့ကြားတယ်။ အနော်ရထာ တံတားထိပ်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဖွင့်လှစ်သည်ဆိုတဲ့ ကဗျည်းကျောက်တိုင်မှာလည်း ကပ်တယ်တဲ့။"

ဒီစာဝေမှုကို ၈ လေးလုံးအကြိုလှုပ်ရှားမှုဖြစ်ပြီး မနေ့ညက လျှပ်စစ်မီးမလာချိန်အခွင့်ကောင်းယူပြီး ကပ်တာဖြစ်ပေမယ့် အာဏာပိုင်တွေသိသွားပြီး စားသောက်ဆိုင်တွေအားလုံးကို မနေ့ည ၁၀ နာရီနောက်ဆုံးထား ပိတ်ခိုင်းခဲ့တယ်လို့ စာလိုက်ကပ်ခဲ့တဲ့ လူငယ်တဦးက ပြောပါတယ်။

"မနေ့ညက ၈၈၈၈ နှစ်ပတ်လည် အနေနဲ့ ချောက်မြို့မှာ လှုပ်ရှားဆောင်ရွက်ဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည် ပုံတွေ အဖြေ စာရွက်မှာ ရိုက်နှိပ်ပြီး နေရာပေါင်း သုံးဆယ် လူငယ်အင်အား နှစ်ဆယ် တာဝန်ခွဲဝေပြီး ရပ်ကွက် ၇ ခုလောက်ကပ်ဖြစ်ပါတယ်။ ကပ်ရတဲ့ ရည်ရွယ်ချက်က ၈၈၈၈ နှစ်ပတ်လည် ၂၁ နှစ်ပြည့်သွားပေမယ့် ကျနော်တို့ရင်ထဲ ယနေ့တိုင် ရှိနေဆဲ၊ ခံစားနေဆဲဆိုတာ ဖော်ပြခြင်း ရည်ရွယ်ချက်ဖြစ်တယ်။ နောက်တချက်က ဒေါ်အောင်ဆန်းစုကြည်ကို အပြစ်မဲ့ ဖမ်းဆီးဖို့ကြိုးစားဆောင်ရွက်ခြင်းဟာ ပြည်သူလူထုနဲ့ လူငယ်တွေက မကျေနပ်ဘူးဆိုတာ ဖော်ပြတာဖြစ်တယ်။ နောက်တချက်က ၃၁ ရက်နေ့က ချောက်မြို့နယ်က အန်အယ်လ်ဒီ ဥက္ကဋ္ဌဦးလှခေါင်နဲ့ အမျိုးသမီး ဥက္ကဋ္ဌဒေါ်တင်တင်ဝင်းကိုဖမ်းဆီးပြီး စစ်ဆေးမေးမြန်းမှုတွေ လုပ်တယ်။ သူတို့ကို ဖမ်းဆီးရုံ၊ စောင့်ကြည့်ရုံနဲ့ကျနော်တို့ လူငယ်မျိုးဆက်သစ်က ငြိမ်သက်သွားမှာမဟုတ်ဘူး လက်ဆင့်ကမ်း ဆောင်ရွက်သွားမှာဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အခုလို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။"

ဒီလှုပ်ရှားမှုကြောင့် ချောက်မြို့ကို လုံခြုံရေးတင်းကြပ်ထားပြီး အထူးသဖြင့် ဘုရားပေါ်မှာ လုံခြုံရေး ပိုများတယ်လို့ မြို့ခံတွေက ပြောပါတယ်။

# လူတုပ်ကွေးလူနာများ ဆေးရုံမှဆင်း

**DVB | ဩဂုတ် ၇ ||** || ကမ္ဘာ့လူတုပ်ကွေးရောဂါပိုးရှိတဲ့ လူနာတဦး ထပ်မံတွေ့ရှိလို့ မြန်မာနိုင်ငံမှာ စုစုပေါင်းရောဂါဖြစ်ပွားသူ ၁၅ ဦးရှိသွားပြီဖြစ်ပြီး ၁၀ ဦးက သက်သာလို့ ဆေးရုံက ဆင်းသွားပြီလို့ ဒီနေ့ထုတ် စစ်အုပ်စုသတင်းစာမှာ ဖော်ပြထားပါတယ်။

ရောဂါပိုး ထပ်မံတွေ့ရှိသူဟာ ၁၄ ယောက်မြောက် ရောဂါဖြစ်ပွားသူနဲ့ အတူနေတဲ့ ညီဝမ်းကွဲတော်သူ အသက် ၃ နှစ်ခွဲအရွယ် ကလေးငယ် ဖြစ်ပါတယ်။ အဲဒီကလေးကို အခု ရန်ကုန်ကလေးဆေးရုံကြီး သီးသန့်ဆောင်မှာ ဆေးကုသပေးနေပါတယ်။ ကျန်လူနာ ၄ ဦး ကို ဝေဘာဂီအထူးကုဆေးရုံ၊ ရန်ကုန်ပြည်သူ့ဆေးရုံ၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံနဲ့ အင်းစိန်အထွေထွေရောဂါကုဆေးရုံတွေရဲ့ သီးသန့်ဆောင်တွေမှာ ကုသပေးနေပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်တယ်လို့ သတင်းစာမှာ ဖော်ပြထားပါတယ်။ ဒီရောဂါဖြစ်ပွားသူ အများစုဟာ ထိုင်း၊ စင်္ကာပူ၊ အိန္ဒိယ၊ ဩစတြေးလျား စတဲ့နိုင်ငံတွေက ပြန်လာသူတွေဖြစ်ပြီး အဲဒီအထဲက ကလေးငယ် ၂ ဦးက တဆင့်ပြန်လည် ကူးစက်ခံခဲ့ရတာပါ။

ဒါကြောင့် ပြည်ပက လေကြောင်းနဲ့ပြန်လာသူတွေဟာ လေယာဉ်ပေါ်မှာကတည်းက နေရပ်လိပ်စာ အတိအကျဖြည့်ရပြီး နေအိမ်ပြန်ရောက်တဲ့အခါ သက်ဆိုင်ရာ လူမှုရေးအသင်းဖွဲ့တွေ၊ ကျန်းမာရေးဌာနတွေရဲ့ မေးမြန်းစောင့်ကြည့်မှုကိုခံကြရပါတယ်။ ခရီးသည်အများစုက ဒါကို သဘောမကျတဲ့အတွက် ဗီဇာကြေး အခမဲ့ဖြစ်ပေမယ့် ထိုင်းနိုင်ငံကို လာတဲ့သူ အတော်နည်းသွားတယ်လို့ အဲဒီနိုင်ငံမှာ တည်းခိုခန်းဖွင့်ထားတဲ့ မြန်မာနိုင်ငံသားတဦးက ပြောပြပါတယ်။

ကမ္ဘာ့တဝန်းမှာ ဒီရောဂါဖြစ်ပွားသူ စုစုပေါင်း ၁ သိန်း ၆ သောင်း ၂ ထောင်ကျော်ရှိသွားပြီဖြစ်ပြီး သေဆုံးသူပေါင်း ၁,၁၅၄ ဦး ရှိသွားပြီလို့ ဒဗလျူအိတ်ချ်အို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ထားပါတယ်။

# မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးမှ ကြေညာချက်ထွက်ပေါ်လာ

**RFA । ဩဂုတ် ၃ ။** ။ ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရက ပြစ်ဒဏ်ချမှတ်မယ်ဆိုရင် ပြည်တွင်းပြည်ပသံဃာတွေဦးဆောင်ပြီး ပြင်းထန်တဲ့ဒဏ်ခတ်မှုတွေ လုပ်ဆောင်သွားမှာဖြစ်လို့ ပြည်သူတွေအသင့်ပြင်ဆင်ထားဘို့နှိုးဆော်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးရဲ့ ကြေညာချက် ဂျူလိုင် ၃၀ ရက်နေ့က ထွက် ပေါ်လာခဲ့ပါတယ်။

အဲဒီနေ့မှာဘဲ မြင်းခြံသံဃမဟာနာယကအဖွဲ့က မြို့တွင်းကကျောင်းထိုင်ဆရာတော်တွေကို မိမိတို့တပည့်တွေကိုမိမိတို့ ထိန်းသိမ်းပေးဘို့ ပင့်ဖိတ်လျှောက်ထားခဲ့ပါတယ်။ အစည်းအဝေးတက်ရောက်ခဲ့တဲ့ မြင်းခြံမြို့က ကျောင်းထိုင်ဆရာတော်တပါးကို ဒီအစည်းအဝေးအကြောင်း လျှောက်ထားကြည့်တဲ့အခါမှာ အခုလိုဖြေကြားတော်မူပါတယ်။

“ပရိယတ်၊ ပဋိပတ်သာလျှင် သံဃာများရဲ့အလုပ်ဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျန်တဲ့အလုပ်တွေကို မလုပ်ဘို့ နိုင်ငံရေးသမားတွေရဲ့ ခုတုံးလုပ်မခံရဘို့ သံဃာ့မဟာနာယကဥက္ကဋ္ဌဆရာတော်ကပြောပါတယ်။ တိုက်ကုန်း ဦးဇောတိပါလဆရာတော်က ဖြည့်စွက်ပြီးတော့ ဒီဗွီဘီတို့၊ ဗွီအိုအေတို့ အာရ်အက်ဖ်အေတို့ဆိုတဲ့ မီဒီယာကလာနေတဲ့ အသံလွှင့်ဌာနတွေကလာနေတဲ့ သတင်းတွေက မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ တခုမှကောင်းတာမပါဘူး။

အလကားအသံလွှင့်ဌာနတွေဖြစ်တယ်၊ ဒီအလကားအသံလွှင့်ဌာနတွေက ထုတ်တဲ့အသံတွေကို သံဃာတွေနားထောင်ပြီးတော့ အလာကားအလုပ်တွေကို မလုပ်ကြဘို့ အခုကြွလာတဲ့ ကျောင်းထိုင် ကျောင်းပိုင်ဆရာတော်များက မိမိရဲ့တပည့်များကို ဩဝါဒပေးဘို့ ဆုံးမဘို့ ဆိုတဲ့အကြောင်းကို ထပ်ဆင့်ပြီးပြောပါတယ်။”

မြင်းခြံသံဃာ့နာယကအဖွဲ့က ဘယ်လိုရည်ရွယ်ချက်တွေကြောင့် ဒီစည်းကမ်းတွေ တားမြစ်ချက်တွေ ထုတ်ရသလဲဆိုတာသိရှိနိုင်ဘို့ ပြင်ပအသံလွှင့်ဌာနတွေကို နားမထောင်စေရလို့မိန့်ကြားခဲ့တဲ့ သံဃာ့နာယကအဖွဲ့ဝင် တိုက်ကုန်းကျောင်းဆရာတော် ဦးဇောတိပါလကို RFA က လျှောက်ထားမေးမြန်း ခဲ့ပါတယ်။

“စာမေးပွဲတွေ ကောလဟာလနဲ့ ဒီနှစ်ထဲကျင်းပမယ်။ အဲဒီဟာတချက်။ ကိုယ်တော်လေးတွေဆူပူမှုမဖြစ်အောင်ပေ့ါဗျာ။ ထိန်းသိမ်းဘို့တချက်။ နောက်ကျုပ်တို့ ဘီဘီစီတို့၊ ဗွီအိုအေတို့ ဒီဟာနှစ်ချက်တော့ ပြောပါတယ်။ ဘီဘီစီဆိုတာကလည်း အမေရိကန်တို့ အင်္ဂလိပ်တို့ လက်ကိုင်တုတ်ဘဲ။ အကျိုးပြုတဲ့လုပ်ငန်းမရှိသောကြောင့် ဘုန်းကြီးကတားတာပါ။ အလကားအသံလို့ ဒီလိုပြောတာပါ။

သူတို့ မြန်မာ့အသံကျတော့ နားမထောင်ဘူး။ ပြင်ပမီဒီယာတွေကိုဘဲ အဟုတ်ထင်ပြီးနေတော့ သူတို့မှာမျက်စိတဘက် နားတဘက် ပိတ်သလိုဖြစ်နေတယ်။ စွဲလန်းကြတာကြောင့် ဘုန်းကြီးက ဒါကိုအလကားအသံကို နားမထောင်ကြနဲ့လို့ ဒီလိုပြောလိုက်တာဘဲ။ အလကားအသံနားထောင်လို့ရှိရင် အကြံကလည်းမှားလာမယ်၊ အလကားအကြံ ကြံတတ်တယ်။ အလကားအကြံ ကြံလို့ရှိရင် လုပ်ငန်းလုပ်လို့ရှိရင် အလကားအလုပ် လုပ်လိမ့်မယ်။”

အခုလိုသံဃာတော်တွေကို နိုင်ငံရေးထဲဝင်မပါအောင် ထိန်းသိမ်းဘို့ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး စောစောကကျောင်းထိုင်ဆရာတော်ကိုဘဲ လျှောက်ထားကြည့်တဲ့အခါ

“ခံစားချက်တွေက သူတို့ဥစ္စာနဲ့သူတို့ ရှိနေကြပြီးသား၊ အနည်းဆုံးပြောရလို့ရှိရင်တော့ ဒါ့အပြင်မြို့တွေက ဘာမှမဖြစ်ဘူးဆိုရင်တော့ မြင်းခြံလည်း ဘာမှဖြစ်မှာမဟုတ်ဘူးပေ့ါ။ ဒီအပြင်မြို့တွေကဖြစ်လာရင်တော့ ဘယ်သူမှထိန်းလို့မရပါဘူး။ ဒီသံဃာတော်တွေရဲ့အနေအထားမှာ ဒကာ ဒကာမတွေရဲ့ဒုက္ခကို ဒီတိုင်းလက်ပိုက်ပြီးကြည့်နေမလား။ လက်ပိုက်ပြီးကြည့်နေလို့ မရဘူးလေ။ တကယ့်အရေးရယ် အကြောင်းရယ်လို့ဖြစ်လာတော့မှ ဒီတိုင်း ငုတ်တုတ်ထိုင်နေလို့ရှိရင် ခက်ပြီပေ့ါ။ အရေးအကြောင်းရယ်ဖြစ်လာပြီဟေ့ဆိုရင်တော့ ဘယ်သူမှမပြင်းပါဘူး။ သူ့ဟာနဲ့သူတော့ ဖြစ်လာကြမှာ။”

မြင်းခြံမြို့မှာ ကိုးဆောင် စာသင်တိုက်ကြီးအပြင် တခြားဘုန်းကြီးကျောင်းပေါင်း ၅၀ ကျော်ရှိတဲ့အတွက် ၂၀၀၇ စက်တင်ဘာတုန်းကလို သံဃာ့အရေးအခင်း မြင်းခြံမြို့ကစဖြစ်လာမှာကို အာဏာပိုင်တွေကအထူး စိုးရိမ်နေကြတယ်လို့ သိရပါတယ်။ မြင်းခြံမြို့ဟာ အထက်မြန်မာပြည်မှာ မန္တလေးနဲ့ပခုက္ကူပြီးရင် သံဃာအများဆုံးဖြစ်ပါတယ်။

# တရုတ်နယ်စပ်မှ ဝင်လာတဲ့ ကြက်ဥအတုများ မြစ်ကြီးနားတွင် ဖမ်းဆီးစစ်ဆေး

**DVB । ဩဂုတ် ၄ ။** ။ ဓာတုဗေဒနည်းနဲ့လုပ်ထားတဲ့ ကြက်ဥအတုလို့ ယူဆရတဲ့ကြက်ဥတွေကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ ဖမ်းဆီးစစ်ဆေးနေတယ်လို့ သိရပါတယ်။

ဓာတုဗေဒနည်းတွေနဲ့ ထုတ်လုပ်ထားတဲ့ ကြက်ဥအတုလို့ ယူဆရတဲ့ ကြက်ဥတေကို တရုတ်ပြည်နယ်စပ် လိုင်ဇာဘက်နေတဆင့် ဝင်လာတာကြောင့် မြစ်ကြီးနားဈေးမှာ ဖမ်းဆီးစစ်ဆေးမှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။ ကြက်ဥအတုတွေ ဖမ်းဆီးစစ်ဆေးနေတာနဲ့ ပတ်သက်ပြီး မြစ်ကြီးနားမြို့ခံတဦးက ပြောပါတယ်။

“ဈေးအပေါ်ထပ်မှာ ဖမ်းထားတဲ့ကြက်ဥတွေ ဖာတွေနဲ့ ထည့်ထားတာ ၁၀ ဖာ ၁၅ ဖာဆိုတော့ ထောင်ချီရှိမယ်ထင်တယ်။ အတုအစစ်သူတို့ဘယ်လိုခွဲလဲတော့ မသိဘူး။ အားလုံးဖမ်းလိုက်တယ်တဲ့။ ကိုယ်တိုင်ကိုယ်ကျ ခွဲကြည့်တဲ့လူတယောက်က ပြောတော့ အစစ်လို့ထင်တယ်တဲ့။ တရုတ် လိုင်ဇာဘက်ကနေ အများကြီးဝင်တယ်။ အခုတော့ ပိတ်လိုက်ပြီလို့ပြောတယ်။”

ကြက်ဥတွေကို ထိန်းသိမ်းထားတဲ့ မြစ်ကြီးနားစည်ပင်သာယာဈေးရုံးခန်းကို ဆက်သွယ်မေးမြန်းကြည့်ရာ တာဝန်ကျဝန်ထမ်းတဦးက ဟုတ်မှန်တယ်လို့အတည်ပြုပါတယ်။

“သူတို့ နယ်စပ်ကနေ သွင်းလာတယ်ပဲပြောတယ်။ အဲဒီ ကားဂိတ်ကနေတင်လာတဲ့ဟာကို ဖမ်းထားလိုက်တာ။ ဥက္ကဋ္ဌ ဖမ်းထားတာ ဖာ ၃၀ လောက်ရှိတယ်။ စနေနေ့ကဆိုတော့ ပုပ်တောင် ပုပ်ကုန်တော့မယ်။” သူကပဲ ကြက်ဥအတုအစစ် ခွဲခြားမရပုံကို ပြောပါတယ်။

“ကျမတို့လည်း ကြက်ဥအတုအစ စစ်တော့မသိဘူး။ ကြက်ဥအခွံကနည်းနည်းလေးကြမ်းတယ်။ ခွဲပြီးတော့လည်း ကြည့်တယ်။ ဒါပေမယ့် သူတို့ပြောသလို အနှစ်နဲ့အကာ မရောဘူး။ ကြက်ဥတွေ ကလည်တာတော့လည်တယ်။”

ကြက်ဥအတုသတင်းတွေထွက်ပေါ်လာပြီး လူတွေမစားရဲကြတော့ တာကြောင့် ရောင်းအားကျသွားတယ်လို့ ကြက်ဥရောင်းသူတဦးကပြောပါတယ်။

“ဒီမှာ ဥကြီးက ၁၂၀။ ဥအလတ်ဆို တလုံး ၁၀၀။ စဉ်းစားစရာကောင်းတယ်။ လူတွေ ထိတ်လန့်သွားတာပေ့ါ၊ အတုအစစ်ခွဲမရတော့ မစားကြတော့ဘူး။ စားနှုန်းလျော့သွားတယ်။ ဆီဆိုလည်း အခြေခံစားသုံးကုန်။ ကြက်ဥဆိုလည်း အခြေခံစားသုံးကုန်ပဲဆိုတော့ အောက်ဆုံးအဆင့်တွေက ပိုပြီးထိတ်လန့်ကုန်တာပေ့ါ။”

ဒီလို ဓာတုဗေဒနည်းနဲ့ထုတ်လုပ်ထားတဲ့ အစားအစာတွေကို စားသုံးမိရင် ဘယ်လို ဘေးအန္တရာယ်တွေဖြစ်နိုင်တယ်ဆိုတာနဲ့ပတ်သက်ပြီး ရန်ကုန်မြို့ရှိအစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ရဲ့ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းကို ဆက်သွယ်မေးမြန်းခဲ့ပေမယ့် ဆက်သွယ်လို့မရပါဘူး။ ပြည်တွင်းမှာထုတ်ဂျာနယ်တွေမှာတော့ ဓာတုဗေဒနည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ ကြက်ဥအတုတွေကို မန္တလေး၊ မြစ်ကြီးနားနဲ့ ဗန်းမော် စတဲ့မြို့တွေမှာ အစားအစာနဲ့ဆေးဝါးကြီးကြပ်ရေးအဖွဲ့ FDA ကနေ စစ်ဆေးဖမ်းဆီး ဖျက်ဆီးနေတယ်လို့ အဲ့ဒီအရာရှိကို ကိုးကားဖော်ပြထားပါတယ်။

# ပဉ္စမပြောက်ခေတ်မီတိုးတက်ရေး

**ဝေကျင်ရှန်** Wei Jinsheng (1950- )

**တရုတ်ပြည်ဒီမိုကရေစီရေးလှုပ်ရှားသူ**

**ကျော်ကျော်စိုး ဘာသာပြန်သည်**

တရုတ်ပြည်၌ ကွန်မြူနစ်တော်လှန်ရေး ၁၉၄၉ ခုနှစ်တွင် ဖြစ်ပွားခဲ့ပြီးနောက် ကွန်မြူနစ်ပါတီသည် တင်းကျပ်စွာထိန်းချုပ်ထားသည့် စီးပွားရေး လူမှုရေး နိုင်ငံရေးနှင့် ယဉ်ကျေးမှုဘဝကို ထူထောင်ခဲ့လေသည်။ ပါတီနှင့် အစိုးရသည် တလေသံတည်းပြောခဲ့သည်။ အတိုက်အခံမှန်သမျှ ကို အကုန်နှိပ်ကွပ်ခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီသည် ဥက္ကဋ္ဌမော်စီတုန်းကို ပုဂ္ဂိုလ်ရေးအရ ကိုးကွယ်သည့် အယူအဆကို ထူထောင်ခဲ့သည်။ ဝါဒရေးရာမှိုင်းတိုက်မှုနှင့် တဒင်္ဂလွတ်လပ်မှုကာလ လွန်ဆွဲမှုများအကြားတွင် ပါတီသည် လွန်းပျံသွားသကဲ့သို့ဖြစ်ခဲ့သည်။ ထို့နောက် တန်ပြန်တော်လှန်ရေးသမားများ၊ သူလျှိုများ၊ သစ္စာဖောက်များ၊ အရင်းရှင်လမ်းလျှောက်သူများ၊ ပညာတတ်များ စသည်တို့ကိုနှိပ်ကွပ်သည့် နိုင်ငံရေးလှုံ့ဆော်မှုများကို အကြီးအကျယ်ပြုလုပ်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ဥက္ကဋ္ဌမော်စီတုန်းသည် အသိပညာလွတ်လပ်ခွင့်ကို အားပေးသည့်အနေဖြင့် “ပန်းပေါင်းတရာပွင့်ရမည်၊ ကျောင်းပေါင်းတရာဖွင့်ရမည်” ဟု ပြောဆိုခဲ့လေသည်။ သို့သော်လည်း နောက်တနှစ်အကြာတွင် လက်ယာဝါဒီနှိမ်နင်းရေးလှုံ့ဆော်လှုပ်ရှားမှုကိုစတင်ပြီး ပါတီလျှောက်လှမ်းသောလမ်းကို ဆန့်ကျင်သောသူများအား နှိပ်ကွပ်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မော်စီတုန်းသည် ယဉ်ကျေးမှုတော်လှန်ရေးဟု ကဗ္ဗည်းတပ်ကာ ပါတီ၏တပ်နီအဖွဲ့ဝင်များက ကျောင်းဆရာများကို ရိုက်နှက်၊ စာအုပ်များကို မီးရှို့၊ အစိုးရဆန့်ကျင်ဘက်ဖြစ်လာမည့်သူများအား သတ်ဖြတ်ခဲ့သည်။ ထောင်နှင့် သောင်းနှင့်ချီရှိသော ပညာရှင်များ၊ ကျောင်းဆရာများ၊ ကျောင်းသားများအား ဝေးလံခေါင်ဖျား ကျေးလက်ဒေသများသို့ပို့ကာ လယ်သမားများနှင့်အတူ အလုပ်စေခိုင်းခဲ့သည်။

၁၉၇၆ ခုနှစ်တွင် မော်စီတုန်းကွယ်လွန်ခဲ့ပြီးနောက် လေးဦးဂိုဏ်း (မော်စီတုန်း၏ဇနီးသည်က ဦးဆောင်သည်) ဟု ကျော်စောသော ဂိုဏ်းဝင်များကို ဖမ်းဆီးကာ ယဉ်ကျေးမှုတော်လှန်ရေးဆင်နွှဲရန်လုပ်ဆောင်သည် ဟု စွဲချက်တင်ခဲ့သည်။ ထိုသို့ဖြစ်ပွားခဲ့ပြီးနောက် တရုတ်ပြည်တွင် တခဏတာမျှ လွတ်လပ်မှုများရှိလာခဲ့သည်။ အနည်းငယ်မျှသော တရုတ်လူမျိုးများက ဒီမိုကရေစီကို တောင်းဆိုလာခဲ့ကြသည်။ နံရံကပ်ပိုစတာများပေါ်ထွက်လာ ကာ တရုတ်ပြည်တွင်ပိုမိုကျယ်ပြန့်သည့်ဒီမိုကရေစီလိုအပ်ကြောင်းကို ရှင်းပြကြသည်။ အစိုးရသည် တွေဝေသွားသည်၊ ထို့နောက် ဒီမိုကရေစီရေး လှုံ့ဆော်ကြိုးပမ်းသူများအား နှိပ်ကွပ်လေတော့သည်။

ထိုကာလအတွင်း ဖမ်းဆီးခံရသည့်အထင်ရှားဆုံးသော လှုပ်ရှားသူမှာ ဝေကျင်ရှန်ဖြစ်သည်။ လျှပ်စစ်အင်ဂျင်နီယာတဦးဖြစ်သော ဝေ သည် နံရံကပ်စာစောင်များကို ရေးသားသူဖြစ်သည့်အပြင် Exploration Magazine အယ်ဒီတာလည်းဖြစ်သည်။ ဝေ သည် ဒီမိုကရေစီနွေဦးကာလဟု သတ်မှတ်ခဲ့ကြသည့် ၁၉၇၈–၁၉၇၉ ခုနှစ်အတွင်း ဆောင်းပါးပေါင်းများစွာကို ရေးသားခဲ့လေသည်။ ထိုအထဲတွင် အထင်ရှားဆုံးမှာ အစိုးရ၏ခေတ်မီတိုးတက်ရေး လေးမျိုးပေါ်လစီအား မှတ်ချက်ပြုဝေဖန်ထားသည့် Fifth Modernization ပဉ္စမမြောက် ခေတ်မီတိုးတက်ရေးဖြစ်သည်။ ဝေက မည်သည့်နိုင်ငံတွင်မဆို ခေတ်မီတိုးတက်ရေးအတွက် ဆောင်ရွက်မည်ဆိုလျှင် ဒီမိုကရေစီမရှိပဲနှင့် ဖြစ်ထွန်းမည်မဟုတ်ဟု သူ၏ဆောင်းပါးထဲတွင် ဆိုထားသည်။ ထိုကဲ့သို့သော ရေးသားမှုများကြောင့် ဝေကျင်ရှန်သည် ထောင် ၁၅ နှစ် ချမှတ်ခံခဲ့ရသည်။ သူ၏ ဆောင်းပါးကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

ဂျာနယ်များ၊ မဂ္ဂဇင်းများ ရေဒီယိုများသည် အလုပ်သမားလူတန်းစားနှင့် အာဏာရှင်စနစ်လူတန်းစားတိုက်ပွဲများအကြောင်း ရေးသားလွှင့်ထုတ်ခြင်းမပြုတော့ပေ။ အကြောင်းရင်းတရပ်မှာ ထိုအကြောင်းအရာများကို ဝါဒဖြန့်ချီနေကြသည့် လေးဦးဂိုဏ်းဖယ်ရှားခံလိုက်ရခြင်းကြောင့်ဖြစ်သည်။ နောက်ထပ်အကြောင်းရင်းတရပ်ရှိသေးသည်၊ ဤသည်က ပို၍ပင်အရေးကြီးသည်။ ပြည်သူလူထုအား မည်သူတဦးတယောက်ကမျှ လှည့်ဖြား၍မရတော့ ဆိုသည့်အကြောင်းရင်းဖြစ်သည်။

သမိုင်း၏ဥပဒေသအရဆိုလျှင် အဟောင်းများချုပ်ငြိမ်းသွားလျှင် အသစ်များ အစားထိုးဝင်ရောက်လာမည်ဖြစ်သည်။ ယခုဆိုလျှင် အဟောင်းများမရှိတော့ပေ၊ ပြည်သူလူထုသည်၄င်းတို့ ၏မျက်စိကိုပွတ်ကာ စိတ်အားတက်ကြွစွာဖြင့် မျှော်လင့်စောင့်စားနေကြသည်။ နောက်ဆုံး၌မူ ဘုရားရှင်တော်၏ကျေးဇူးကြောင့် ပြည်သူများသည် မဟာကတိကြီးများကို ရလိုက်ကြသည်။ ခေတ်မီတိုးတက်ရေး ၄ မျိုးပင်ဖြစ်သည်။

အသိပညာပြည့်စုံကုံလုံသည့် ဥက္ကဋ္ဌကြီး ဟွာကိုဖုန်းနှင့် ပြည်သူလူထုစိတ်ထဲတွင် ပို၍ပင်အသိပညာပြည့်စုံကုံလုံကာ ကြီးမြတ်သည့်ခေါင်းဆောင်အဖြစ်မှတ်ယူထားသည့် ဒုတိယဥက္ကဋ္ဌကြီး တိန်ရှောက်ဖိန်တို့သည် လေးဦးဂိုဏ်းအား အနိုင်ယူလိုက်သည်။ ဤသည်က တိန်အန်မင်ရင်ပြင်တွင် သွေးစွန်းခဲ့ရသူများလွန်စွာမျှော်လင့်ခဲ့ကြသည့် ဒီမိုကရေစီနှင့် သာယာဝပြောရေးသည် မကြာမီလက်တွေ့ဖြစ်လာတော့မည်ဟု ထင်ခဲ့ကြသည်။

သို့သော်လည်း ပြည်သူများအတွက် ဝမ်းနည်းစရာမှာ မုန်းတီးဖွယ်ရာကောင်းသည့် နိုင်ငံရေးစနစ်ဟောင်းသည် ပြောင်းလဲ ခြင်းမရှိသည့်အပြင် ဒီမိုကရေစီနှင့်လွတ်လပ်မှုအတွက် မျှော်လင့်ထားကြသည်များပင်လျှင် တားဆီးပိတ်ပင်ခံရလေသည်။

ယခုအခါ ပြည်သူများတွင် ဒီမိုကရေစီရှိပါသလော၊ မရှိဟု ဖြေရမည်၊ ပြည်သူများသည် ၄င်းတို့၏မျှော်မှန်းချက်များအတွက် သခင်အဖြစ် ဖြင့်ရှိချင်ပါသလော။ သေချာပေါက်ရှိသည်ဟု ဖြေရပေမည်။ ဤသည်က ကူမင်တန်အပေါ် ကွန်မြူနစ်ပါတီက အနိုင်ရခဲ့ခြင်း၏အကြောင်းရင်းဖြစ်သည်။ ထိုကဲ့သို့ အောင်ပွဲခံခဲ့ပြီးသည့်နောက် ဒီမိုကရေစီအတွက်ပေးထားသောကတိများမည်ကဲ့ သို့ ဖြစ်သွားသနည်း။ ပြည်သူ့ဒီမိုကရက်တစ်အာဏာရှင်စနစ် နောက်တွင် အလုပ်သမားဒီမိုကရက်တစ်အာဏာရှင်စနစ်က လိုက်လာခဲ့လေပြီ။

ယခုအချိန်တွင် မော်စီတုန်း၏ ကောင်းကွက်များနှင့် အမှားများ၏အချိုးအစားကို တွက်ချက်ဆုံးဖြတ်ရမည့်အချိန် မဟုတ်ပေ။ သူသည် ဤအရာကို ကိုယ့်ကိုယ်ကို ကာကွယ်သည့်အနေဖြင့် ကနဦးအစက ပြောဆိုခဲ့သည်။ ပြည်သူများအနေဖြင့် ယခုလတ်တလောစဉ်းစားကြည့်ရန်မှာ မော်စီတုန်း၏အုပ်ချုပ်မှုမရှိတော့ပါက တရုတ်သည်ခေတ်နောက်ပြန်ဆွဲသည့်နိုင်ငံအဖြစ်သို့ ရောက်ရှိသွားမည်လောဆိုသည့်အချက်ပင်ဖြစ်သည်။ တရုတ်ပြည် သူပြည်သားများသည် ရူးသွပ်နေသောသူများလော၊ သို့မဟုတ် ပျင်းရိသောသူများလော၊ သို့မဟုတ် ချမ်းသာကြွယ်ဝမှုကို မခံစားချင်ကြသော သူများလောဟု မေးခွန်းထုတ်ရမည်။ အဖြေမှာ လုံးဝဆန့်ကျင်ဘက်ဖြစ်သည်ဟုဆိုရမည်။ အဘယ်ကြောင့်နည်း။

အဖြေမှာ ရှင်းလင်းလှပါသည်။ တရုတ်ပြည်သူများသည် ထိုလမ်းကို မလိုက်သင့်ပေ။ သို့ဆိုလျှင် မည်သည့်အတွက်ကြောင့် လိုက်ခဲ့ကြသနည်း။ ကိုယ့်ကိုယ်ကိုဖော်မသူတော် အာဏာရှင်က ဦးဆောင်ခဲ့သည့်အတွက်ကြောင့် ပင်ဖြစ်သည်။ ထိုလမ်းအတိုင်း ပြည်သူများမလိုက်ကြလျှင် အာဏာရှင်ကသူ၏ အာဏာရှင်ကျင့်ထုံးများကို ပြည်သူများအပေါ်ကျင့်သုံးမည်ဖြစ်သော ကြောင့်တည်း။ ပြည်သူများမှာ အခြားလမ်းများကို မမြင်ရပေ။ ထို့ကြောင့် ရွေးချယ် စရာရှိခဲ့ကြ

ပေ။ ဤသည်က လှည့်ဖြားမှုမဟုတ်ပါလော၊ ဤသို့သော လှည့်ဖြားမှုတွင် ကောင်းကျိုးတခုခုများရှိသလော။

ထိုလမ်းသည် မည်သည့်လမ်းဖြစ်သနည်း။ ဆိုရှယ်လစ်လမ်းဟုခေါ်သည်၊ မာ့က်စ်ဝါဒီမတိုင်မီပုဂ္ဂိုလ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် ဆိုရှယ်လစ်စနစ်ဆိုသည်မှာ ပြည်သူ သို့မဟုတ် အလုပ်သမားများသည်အရှင်သခင်များဖြစ်ကြသည်။ တရုတ်အလုပ်သမားနှင့် လယ်သမားများအား ကျေးနော်မေးခွန်းမေးပါရစေ၊ သင်တို့လစဉ်ရနေသည့် မဟာဝင်ငွေများအရ မည်သူသည် အရှင်သခင်ဖြစ်သနည်း၊ မည်သို့သောအရှင်သခင်မျိုး သင်တို့ဖြစ်နေသနည်း၊ ပြောရမည်ဆိုလျှင် ဝမ်းနည်းစရာပင်ဖြစ်သည်။ သင်တို့သည် တစုံတယောက်ကို အရှင်သခင်အဖြစ်မှတ်ယူနေရသည်။

စစ်မှန်သည့်ဒီမိုကရေစီဆိုသည်မှာ အဘယ်နည်း။ ၎င်း၏ အဓိပ္ပာယ်မှာ ပြည်သူတို့သည် ၎င်းတို့၏ဆန္ဒနှင့် အကျိုးစီးပွားအတွက် လုပ်ဆောင်ရန် ၎င်းတို့၏ကိုယ်စားလှယ်များကို ရွေးချယ်ပိုင်ခွင့်ရှိသည်ဆိုခြင်း ဖြစ်သည်။ ဤသို့သည်သာလျှင် ဒီမိုကရေစီဟုခေါ်နိုင်သည်။ ထိုမျှမကသေး ပြည်သူများသည် ၎င်းတို့၏ကိုယ်စားလှယ်များကို အချိန်မရွေးအစားထိုးနိုင်သည့် အာဏာရှိရမည်၊ သို့မှသာ ပြည်သူများအတွက်ဟုအမည်တပ်ကာ အခြားသူများအား လှည့်ဖြားခြင်းများပြုလုပ်နိုင်မည်မဟုတ်ပေ။

ဤသို့သောဒီမိုကရေစီအား အမေရိကန်နှင့် ဥရောပသားများရရှိခံစားနေရသည်။ ၎င်းတို့၏ဆန္ဒနှင့်အညီ ၎င်းတို့သည် နစ်ဆင်၊ ချားလ်စ် ဒီဂေါလ်၊ တာနာကာ တို့အား ရာထူးမှဖယ်ရှားပစ်နိုင်ပေသည်။ ၎င်းတို့သည် ထိုသူများအား ၎င်းတို့၏ဆန္ဒနှင့် အညီပြန်လည်ရွေးချယ်နိုင်ပေသည်။ ထို့သို့ သော ဒီမိုကရက်တစ်အခွင့်အရေးအား မည်သူမျှဝင်ရောက်စွက်ဖက်နိုင်ခြင်းမရှိပေ။

သို့သော်လည်း တရုတ်ပြည်တွင်မူ ပြည်သူများသည် သေဆုံးသွားပြီဖြစ်သော ပဲ့ကိုင်လမ်းညွှန်သောခေါင်းဆောင်ကြီး မော်စီတုန်း သို့မဟုတ် မြင့်မြတ်သောသူအား မှတ်ချက်ပြုဝေဖန် ပြောဆိုခြင်းပြုသည်ပင်လျှင် ထိုသူများအတွက် အကျည်းထောင်တံခါးများ အဆင်သင့်ပွင့်နေမည်ဖြစ်သည့်အပြင် မျှော်မှန်း၍မရနိုင်သည့် ကံဆိုးမိုးမှောင်ကျမှုများနှင့် ကြုံရမည်ဖြစ်သည်။

ထို့ကြောင့် အတိတ်သမိုင်းကိုသုံးသပ်ကြည့်လျှင် ဒီမိုကရက်တစ် လူမှုစနစ်သည် ဖွံ့ဖြိုးတိုးတက်မှုအားလုံး သို့မဟုတ် ခေတ်မီတိုးတက်မှုများအတွက် အဓိကအခြေခံ သို့မဟုတ် ကြိုတင်လိုအပ်ချက်ဖြစ်သည်။ ထို အဓိကအခြေခံ သို့မဟုတ် ကြိုတင်လိုအပ်ချက်မရှိပဲနှင့် နောက်ထပ်ဖွံ့ဖြိုး တိုးတက်မှုများ ဆက်လက်ရရှိရေးမှာမဖြစ်နိုင်သလို ရရှိထားပြီးဖြစ်သော လက်ရှိ ဖွံ့ဖြိုးတက်မှုများကို ထိန်းသိမ်းရေးမှာလည်း မဖြစ်နိုင်ပေ။ ကျနော်တို့၏အမိမြေ နှစ်ပေါင်း ၃၀ ကျော် တွေ့ကြုံခဲ့ရသည်များက သက်သေကောင်းများကို ပြသနေသည်။

လူ့သမိုင်းစဉ်က သာယာဝပြောရေး သို့မဟုတ် ခေတ်မီတိုးတက်ရေး လမ်းသို့ ဦးတည်လျှောက်လှမ်းရသနည်း။ အကြောင်းရင်းမှာ လူသားတို့သည် စစ်မှန်သောအသီးအပွင့်များကိုထုတ်လုပ်ရန်နှင့် ထိုအရာများဖြင့် ၎င်းတို့အရင်ဦးဆုံးလိုအပ်သောလွတ်လပ်မှုဟု အမည်တွင်သည့်ပျော်ရွှင်မှုကို ရရှိခံစားနိုင်ရန်ဖြစ်သည်။ ဒီမိုကရေစီဆိုသည်မှာ လူသားများသိရှိထားသည့် လွတ်လပ်မှုများကို အများဆုံးရရှိစေနိုင်သည်ကို ဆိုလိုသည်။ ဒီမိုကရေစီသည် လူသားတို့၏ ခေတ်သစ်ရန်းကန်မှုများ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်မှာ သိသာရှင်းလင်းလှသည်။

တရုတ်ပြည်သူများ အမှန်တကယ်အလိုရှိသည်မှာ ဒီမိုကရေစီရေးရုန်းကန်လှုပ်ရှားမှုလော၊ ယဉ်ကျေးမှုတော်လှန်ရေးက တရုတ်ပြည်သူများတွင် အားအင်ရှိသည်ကို ကောင်းစွာပြသနိုင်ခဲ့ပြီး တန်ပြန်အင်အားစုအားလုံးသည်လည်း ကျဆုံးခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ပြည်သူလူထုတွင် ပြတ်သားသည့်ဦးတည်ချက်မရှိသကဲ့သို့ ဒီမိုကရေစီအင်အားစုများသည် လည်းလှုပ်ရှားကြီးပမ်းမှုတွင် ပင်မနေရာမှပါဝင်ခဲ့ခြင်းမရှိသည့်အပြင် အာဏာရှင်မင်းဆိုးမင်းညစ်များ၏သွေးခွဲမှု၊ လမ်းကြောင်းလွဲမှားသွားစေရန်လုပ်ဆောင်မှု၊ နောက်ဆုံးတွင် အင်အားသုံး နှိပ်ကွပ်မှုများကြောင့်ပြိုလဲခဲ့ရသည်။ ဤသို့ဖြင့် ဒီမိုကရေစီအင်အားစုများအဆုံးသတ်ခဲ့ရသည်။

ယနေ့အခါတွင် ပြည်သူများသည် ၎င်းတို့၏ရည်မှန်းချက် ပန်းတိုင်မည်သည့်နေရာတွင်ရှိသည်ကို သိရှိသွားပြီဖြစ်သည်၊ ၎င်းတို့တွင် ရှင်းလင်းသည့်ဦးတည်ချက်ရှိလာပြီဖြစ်သည်၊ တကယ့်ခေါင်းဆောင်အစစ်မှာ ဒီမိုကရေစီတံခွန်ဖြစ်သည်။ စီဒန်ဒီမိုကရေစီတံတိုင်းသည် ပြည်သူတို့က ၎င်းတို့၏ တန်ပြန်အင်အားစုများကို ဆန့်ကျင်တိုက်ပွဲဝင်ရာနေရာဖြစ်သည်။ ၎င်းတို့၏လှုပ်ရှားမှုသည် သေချာပေါက်အောင်ပွဲခံမည်ဖြစ်သည်၊ ပြည်သူတို့သည် သေချာပေါက်လွတ်လပ်မည်ဖြစ်သည်၊ သွေးချောင်းစီးမှုများ၊ နာကြည်းမှုများရှိနေဦးမည်ဖြစ်သည်၊ ထိုသို့ဖြစ်ပွားရန်အတွက်လည်း အကွက်ချဆောင် ရွက်ပေလိမ့်မည်။

သို့သော်လည်း ဒီမိုကရေစီတံခွန်သည် ထိုလုပ်ဆောင်မှုများကြောင့် လဲပြိုကျသွားလိမ့်မည်မဟုတ်ပေ။ ကျနော်တို့သည် ဤသို့ကြီးမြတ်လှသည့် စစ်မှန်သည့်တံခွန်အောက်တွင် ညီညွတ်စွာဖြင့် ပြည်သူများ၏ ငြိမ်းချမ်းရေး၊ ပျော်ရွှင်မှုနှင့် လွတ်လပ်မှုများအတွက် ခေတ်မီတိုးတက်ရေးဆီသို့ ဦးတည်လျှောက်လှမ်းကြပါစို့။

---

# နယ်ခြားစောင့်တပ်မလုပ်လို့ နအဖနဲ့တင်းမာ

**DVB | ဩဂုတ် ၅ ။** ။ အပစ်ခတ်ရပ်အဖွဲ့တွေကို နယ်ခြားစောင့်တပ်အသွင်ပြောင်းဖို့ စစ်အုပ်စုက ဒီနှစ် ဧပြီလ ၂၈ ရက်နေ့က ကမ်းလှမ်းထားပြီး အခုချိန်ထိ လက်မခံသေးတဲ့အတွက် စစ်အင်အားတွေ ဖြည့်တင်းနေတာဖြစ်ပါတယ်။

နအဖစစ်တပ်က သူတို့နယ်မြေထဲ ကျူးကျော်ဝင်ရောက်ရင် ပြန်တိုက်မယ်လို့ ယူဒဗျူအက်စ်အေ ဝ တပ်ဖွဲ့က ပြောပါတယ်။ နအဖဘက်က ကမ်းလှမ်းထားတဲ့ နယ်ခြားစောင့်တပ်ဖွဲ့ အသွင်ပြောင်းရေးကိုလက်မခံတဲ့ ဝအဖွဲ့ကို စစ်တပ်က စစ်ရေးပြင်နေတဲ့အပေါ် ဝ တပ်မှူးတဦးက ပြောဆိုလိုက်တာပါ။ ဝဒေသအနီးက နအဖစစ်တပ်ရဲ့ အရင်တပ်စခန်းဟောင်းတွေ ဖြစ်တဲ့ ကွမ်းလုံးခရိုင်အတွင်းက ပန်ကောက်၊ ချူးရွှေ ဖားလင်၊ ပန်လုံ၊ ကောင်းကော်၊ ဟိုပန်စတဲ့ တပ်စခန်းဟောင်းတွေမှာ သိန္နီအခြေစိုက် အမှတ် ၁၆ စစ်ဆင်ရေးကွပ်ကဲမှု လက်အောက်ခံတပ်ရင်း ၃ ရင်းကို မကြာသေးခင်ရက်ပိုင်းက ပြန်ပြီး အခြေချတပ်စွဲလာတာဖြစ်တယ်။ နအဖစစ်သားတွေ ရောက်ရှိနေတဲ့ နယ်မြေအနီးမှာ ရှေ့တန်းစစ်မျက်နှာ တာဝန်ယူထားတဲ့ ဝ တပ်မှူးတဦးက သူတို့တပ်အနေနဲ့ အသင့်အနေအထားရှိနေတယ်လို့ပြောပါတယ်။

"ဗိုလ်ချုပ်ခင်ညွန့်ခေတ်တုန်းက ငြိမ်းချမ်းရေးခေတ်ဆိုတော့ တပ်တွေမလိုအပ်တဲ့အတွက် သူတို့တပ်တွေကို ပြန်ဆုတ်လိုက်တယ်။ အဲ့ဒီအချိန် တောင်ပိုင်းဘိန်းဘုရင်ခွန်ဆာနဲ့ တိုက်နေတဲ့အချိန်လည်း ဖြစ်တယ်။ တပ်တွေမလိုအပ်တုန်းက ထားခဲ့တဲ့ စခန်းဟောင်းတွေရှိတဲ့ နေရာဘက်မှာ ပြန်ပြီးနေရာယူလာတယ်။ ပန်ကောက်၊ ချူးရွှေ ပန်လုံ၊ ကောင်းကော်၊ ဟိုပန်၊ ပန်လုံ နေရာတွေက သူတို့ရဲ့စခန်းတွေပဲ။ ဒီတလောကျမှ ကောက်ခါ၊ ငင်ခါ လက်နက်ပစ္စည်းတွေ အရောင်ပြလိုက်တဲ့သဘော၊ 'မင်းတို့ကောင်တွေ ငါ့စကားမှ နားမထောင်တာ မင်းတို့ ဒါနဲ့ပဲ ခြိမ်းခြောက်မယ်၊ မင်းတို့ ဒါတွေမတွေ့ဘူးလား' စစ်ရေးနည်းပျူဟာအရ ခြောက်လိုက်တာပေ့ါ။ ကျနော်တို့ကလည်း ခြောက်တိုင်းမကြောက်ဘူးဆိုတဲ့အဖွဲ့ပါ။ စခက ၁၆ က တပ်ရင်း ၃ ရင်းတော့သိတယ်၊ နန်တစ်ဒေသတဝက်မှာပဲ။ ကျနော်တို့ကြားတယ် သူတို့လာရင် အင်အားအများကြီးရှိတယ်။ နန်တစ်နဲ့ ကျနော်တို့စခန်းကို ၉ မိုင်နဲ့ ၁၀ မိုင်လောက်ရှိပါတယ်။ ကျနော်တို့က အမြဲတမ်းအသင့်ပဲ လာရင်တော့တွယ်မှာပဲ။ ဂရုမစိုက်ဘူး၊ အေးဆေးပဲ။"

ဝတပ်ဖွဲ့တွေအနီးအနားမှာ နအဖစစ်သားတွေ အင်အားဖြည့်တင်းနေတဲ့ တချိန်ထဲမှာဘဲ အပစ်ခတ်ရပ်အဖွဲ့အစည်းတခုဖြစ်တဲ့ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ ကေအိုင်အို ထိန်းချုပ်ရာ လိုင်ဇာဒေသအနီး နားဖော့၊ နားလုံ စတဲ့ တပ်စခန်းတွေမှာ နအဖစစ်သားတွေ လူအင်အားဖြည့်တင်းမှုနဲ့ တပ်အပြောင်းအရွှေ့တွေ လုပ်နေတယ်လို့လည်း သိရပါတယ်။

# ရခိုင်ပြည်နယ်အတွင်း မိုးသက်လေပြင်းကြောင့် အပျက်အစီးများပြား

**DVB ၊ ဩဂုတ် ၅ ။** ။ ရခိုင်ပြည်နယ် သံတွဲဘက်မှာ မိုးသက်လေပြင်းကျလို့ တံငါလှေအစီး ၂၀ ခန့် ရေမြုပ်သွားပြီး လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့တယ်လို့ တံငါသည်တွေနဲ့ နီးစပ်တဲ့မြို့ခံတွေက ပြောပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင်လ ၂၅ ရက်နေ့ ညနေပိုင်းအချိန်မှာ ပင်လယ်ပြင်အတွင်း တနာရီ ၄၅ မိုင်နှုန်းနဲ့ မိုးသက်လေပြင်းကျပြီး လှိုင်းလုံးကြီးတွေ ရိုက်ခတ်မှုကြောင့် အခုလို သေဆုံးရတာဖြစ်တယ်လို့ သိရပါတယ်။ သေဆုံးမှုအများဆုံးကတော့ ဆင်ခေါင်းကျေးရွာကဖြစ်ပြီး ဆိတ်ကြီးကျေးရွာ၊ လေကြီးဒိုင်ကျေးရွာက တံငါလှေတွေ ဆုံးရှုံးခဲ့တာလို့ ပြောပါတယ်။ ဆင်ခေါင်းကျေးရွာက သေဆုံးမှု အခြေအနေကို ဒေသခံတဦးက ပြောပါတယ်။

“ဆင်ခေါင်းမှာသေတာက လှေပိုင်ရှင် ကိုမောင်ကြီး ကိုယ်တိုင်လှေလိုက်သွားတာ ၄ ယောက်သေတယ်။ နောက် ကိုခင်မောင်ဝင်းရဲ့ လှေမှာ ၄ ယောက်လိုက်သွားတာ ၃ ယောက်သေတယ်။ ဆင်ခေါင်းတဘက်ကမ်းမှာ လှေတစီးလေနဲ့လွင့်ပြီး ကမ်းလာကပ်တာ လူ ၃ ယောက်ပါတာမှာ ၂ ယောက်သေတယ်။ ၁ ယောက်ရှင်တယ်။ အခုအထိ ဆင်ခေါင်းနားမှာ အလောင်းတလောင်းက အခုအထိ မမြှုပ်ရသေးဘူး။”

တခြားကျေးရွာတွေက သေဆုံးမှုအရေအတွက်ကို မသိရသေးပါဘူး။ အဲဒီလှေငယ်တွေမှာ အနည်းဆုံးတံငါသည် ၄ ဦးစီပါပြီး ပင်လယ်ပြင်မှာ ငါးပုဇွန်တွေ ဖမ်းဆီးနေတာ ဖြစ်ပါတယ်။ သံတွဲမြို့နဲ့ မိုင် ၃၀ ဝေးတဲ့ လေကြီးဒိုင်ကျေးရွာက အသက်မသေဘဲပြန်ရောက်လာတဲ့ တံငါလှေသား ၄ ဦးကို လှေပိုင်ရှင်က ထိုးနှက်ခဲ့တယ်လို့ ဒေသခံတဦးက ပြောပါတယ်။

“ပြန်လာတဲ့လှေသမားကို မေးတော့ တချို့က ဒီလှေဟာ ရေပက်လို့ရတယ် မမြုပ်နိုင်ဘူး၊ တချို့က မပက်ဘဲနဲ့ ထိုင်ကြည့်နေတယ်ဆိုပြီး တယောက်တမျိုးပြောတော့ ပိုင်ရှင်က ဒီလိုဖြစ်ရမလားဆိုပြီး စိတ်ဆိုးတာပေါ့။ လှေသမားတွေက အမှုသွားလုပ်မယ်ဆိုပြီးတော့ လုပ်သေးတယ်။ “

အသက်ဆုံးရှုံးတဲ့လူ မရှိပါဘူး။ အဲ့ဒီလိုပဲ လှေတွေကို ရေစုပ်ချတယ်။ နာရီဝက် ၁ နာရီလောက်ဆို လှေကနည်းနည်းမျောသွားပြီးတော့ ရေပက်လို့နိုင်ကြတယ်ပေါ့။ ရေပက်လို့နိုင်တဲ့ လှေတွေကျက ပြန်ရောက်တယ်။”

အဲဒီနေ့မှာ မုတ်သုန်လေအားကောင်းနေတယ်လို့ မိုးလေဝသက သတိပေးကြေညာခဲ့ပေမယ့် ငါးပုဇွန်ရမှ တနေ့ဝမ်းစာဖြေရှင်းနိုင်မှာမို့ အခုလိုအရဲစွန့်ကြတာလို့ အဲဒီဒေသခံက ပြောပါတယ်။

“သတိပေးချက်က မိုးမုတ်သုန်လေ အလွန့်အလွန်အားကောင်းနေတယ်လို့ ကြေညာတယ်။ နေရောင်လေးပြရင် စားသောက်ဖို့ အခက်အခဲရှိတော့ ခါတိုင်းလို ထွက်တာ ပင်လယ်ထဲရောက်တော့ မိုးသက်လေပြင်းတွေကျတော့ ပြန်ပြေးလာပေါ့၊ တနေ့စာဆင်းရင် ဆီဖိုးနုတ်ပြီးရင် တယောက်ကို ၂ ထောင်၊ ၃ ထောင်လောက်ရတာ။ အခု အရင်လောက် အရဲမစွန့်တော့ဘူး။”

ဒီနေ့မှာလည်း သံတွဲဘက်မှာ ရာသီဥတုအခြေအနေ မကောင်းလို့တံငါလှေတွေ တစီးမှမထွက်ရဲကြတော့ဘူးလို့ ဒေသခံတွေက ပြောပါတယ်။

---

# ရဲမြတ်ဟိန်းကို ထောင် ၂ နှစ် ထပ်မံချ

**DVB ၊ ဩဂုတ် ၆ ။** ။ စစ်ကိုင်းတိုင်း ကလေးထောင်မှာ အကျဉ်းကျနေတဲ့ ဗကသအဖွဲ့ဝင် တက္ကသိုလ် ကျောင်းသားမောင်ရဲမြတ်ဟိန်းကို တောင်ဒဂုံမြို့နယ်တရားရုံးက ထောင်ဒဏ် ၂ နှစ် မနေ့က ထပ်မံချလိုက်တယ်လို့ မိခင်ဖြစ်သူက ပြောပါတယ်။

သချာၤဘာသာရပ်နဲ့ ပထမနှစ်တက်နေတဲ့ တက္ကသိုလ်ကျောင်းသား မောင်ရဲမြတ်ဟိန်းကို တရားရုံးက အသင်းအဖွဲ့ ဖွဲ့စည်းမှုနဲ့ နောက်ထပ်အမိန့်ချလိုက်တာ ဖြစ်တယ်လို့ မိခင်ဖြစ်သူ ဒေါ်စန်းအေးက ပြောပါတယ်။

“တောင်ဒဂုံ တရားရုံးက ၅ ရက်နေ့က အသင်းအဖွဲ့ ၆ နဲ့ ထောင်ချလိုက်တာ။ ပထမပိုင်း အမိန့်ချတုန်းက ၁၀ နှစ်က ၂ နှစ် လျော့ထားတယ်ဆိုတော့ အခု ၂ နှစ်နဲ့ ဆိုရင် ၁၀ နှစ် ပြန်ဖြစ်သွားတာပေါ့၊ အရင်ကတော့ နှစ်အများကြီး ထောင်ချလိုက်တာကိုမခံစားနိုင်ဘူး။ အခုတော့ ကိုယ့်သားလေးကို ထောင်ဝင်စာမှန်မှန် တွေ့နိုင်ဖို့ပဲ ရှိတယ်။ သူများတကာတွေလို ဆိုးသွမ်းပြီး ထောင်ထဲဝင်ရတာလည်းမဟုတ်ဘူး။ အားလုံးကောင်းဖို့ လုပ်ရင်းကနေ ထောင်ချခံရတဲ့အတွက် အခု ဘယ်လိုမှ မခံစားရတော့ပါဘူး။”

မောင်ရဲမြတ်ဟိန်းကို အရင်က နိုင်ငံတော်အကြည်အညိုပျက်စေမှု၊ သာသနာ တော်ညှိုးနွမ်စေးမှုစတဲ့ ပုဒ်မတွေနဲ့ ထောင် ၁၀ နှစ်ချထားပြီးသားပါ။ ဒါပေမယ့် နောက်ပိုင်းမှာ စွဲဆိုထားမှုတချို့ဟာ ဥပဒေနဲ့ မညီတဲ့အတွက် သူ့ရဲ့ ရှေ့နေတွေက လျှောက်လဲချက်ပေးလိုက်လို့ ထောင်ဒဏ် ၂ နှစ်လျော့ကျသွားတာဖြစ်ပါတယ်။ သူ့ကို နောက်ထပ် စွဲချက်တင် အမိန့်ချဖို့ ဒီနှစ် မတ် ၁ ရက်နေ့က ကလေးမြို့ကနေ ရန်ကုန်မြို့ အင်းစိန်ကို ခေါ်လာတာဖြစ်ပြီး မကြာခင်ကလေးထောင်ကို ပြန်ပို့မယ်လို့သိရပါတယ်။

---

# ကုလရဲ့ ထောက်ပံ့ဆန်တွေ ဖြတ်ပြီ

**DVB ၊ ဩဂုတ် ၇ ။** ။ ဘိန်းအစားထိုးသီးနှံစီမံကိန်းအရ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ WFP ကနေ အပစ်ခတ်ရပ်အဖွဲ့တွေဖြစ်တဲ့ ဝ၊ ကိုးကန့်နဲ့ မိုင်းလားအဖွဲ့ထိန်းချုပ်ရာနယ်မြေ အတွင်းက ဒေသခံလူထုကို ၂၀၀၇ ခုနှစ်ကတည်းက သုံးနှစ်စာချုပ်အရ ဆန်တွေကို ထောက်ပံ့နေခဲ့ပါတယ်။

ယခုနှစ်မှာတော့ တရုတ်ပြည်ဘက်က ဆန်တင်ပို့မှုတွေ ရပ်ဆိုင်းလိုက်တာကြောင့် ဆန်တွေမရရှိတော့ဘူးလို့ ဝ တပ်ဖွဲ့ အရာရှိ တဦးက ပြောပါတယ်။

“ဆန်တခုပဲ ထောက်ပံ့တာပါ။ ၂၀၀၉ခုနှစ်ကျတော့ တရုတ်ပြည်က ထောက်ပံ့တဲ့ဆန်လုံးဝမရတော့ဘူး။ ဘိန်းအစားထိုးပြီး သုံးနှစ် စီမံကိန်းလုပ်ပေးထားတာပါ။ ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉ ထောက်ပံ့ပေးမယ်ဆိုပြီး အခုကျနော်တို့ဘက်မှာ မရသေးဘူး။ တရုတ်က မချပေးတော့ဘူး။ ပထမနှစ်ရတယ်၊ ဒုတိယနှစ်ရတယ်။ ဒေသတခုလုံးအတွက် ဆန်တန်ချိန် တသောင်းရပါတယ်။ ကိုးကန့်၊ မိုင်းလားအထိဆိုရင် တန်ချိန်နှစ်သောင်းလောက် ပံ့ပိုးပေးပါတယ်။ ခါတိုင်းဆို ဇွန်၊ ဇူလိုင်ဆိုရပြီ။”

ဒဗလျူအက်ဖ်ပီအနေနဲ့ ၂၀၀၇ ခုနှစ်ကတော့ ရှမ်းပြည်နယ်အတွင်းက ကျိုင်းတုံ၊ လားရှိုးဘက်ကတဆင့် ထောက်ပံ့ခဲ့ပြီး အဲဒီတုန်းက စားသုံးလို့မကောင်းတဲ့ ဆန်ညံ့တွေသာ ရရှိခဲ့ပြီး ၂၀၀၈ ခုနှစ်မှာတော့ တရုတ်ဘက်ကနေထောက်ပံ့ပေးခဲ့တာမို့ ဆန်အရည်အသွေးကောင်းမွန်ခဲ့လို့ ဒေသခံလူထု အဆင်ပြေခဲ့တယ်လို့ပြောပါတယ်။ ယခုနှစ်အတွက် ဆန်တွေ ဘယ်ကမှ မရတော့ဘဲ ဖြစ်သွားပြီး အခုလိုဖြစ်တာကို ပန်ဆန်းရှိ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး နတလဌာနနဲ့ တရုတ်ဘက်ကို မေးမြန်းခဲ့ပြီး နအဖဘက်က လက်မှတ်ထိုးမပေး၍ အခုလို ဆန်မရရှိတာတော့လို့ သိရကြောင်း အဆိုပါ ဝ အရာရှိက ပြောပါတယ်။

“အရင်တုန်းက သူတို့ပေးတုန်းက အုပ်စုလိုက်၊ မြို့နယ်လိုက် ပံ့ပိုးပေးလိုက်ပါတယ်။ လူတဦးကို ပျမ်းမျှအားဖြင့် တတင်း၊ မိသားစု ငါးယောက်ရှိရင် ငါးတင်း ပေါ့ဗျာ။ အရင် ၂၀၀၈ တုန်းက အဆင်ပြေပါတယ်။ သူတို့ နတလ ကနေတဆင့် တင်တယ်ထင်တယ်။ ကျနော်တို့က မေးပါတယ်။ တရုတ်ပြည်ဘက်က ရပ်ဆိုင်းလိုက်ပြီလို့ ပြောပါတယ်။ နအဖဘက်က လက်မှတ်မထိုးပေးဘူးလို့ကြားရပါတယ်။ နဝတအစိုးရက လက်မှတ်ထိုးပေးမှသာ ပံ့ပိုးတဲ့ ဆန်တွေကို ဖြန့်ချီပေးလို့ရမှာပေါ့။”

နယ်ခြားစောင့်တပ်အသွင်ပြောင်းတာကို လက်မခံတဲ့အတွက် ဆန်တွေကို အခုလို နအဖဘက်က ပိတ်ဆို့ဖြတ်တောက်တာလို့ ယူဆနိုင်ပြီး သက်ဆိုင်ရာ အပစ်ခတ်ရပ်အဖွဲ့အစည်းတွေကတော့ အဖွဲ့ပိုင် စီးပွားရေးလုပ်ငန်းတွေရှိနေလို့အဆင်ပြေနိုင်ကြောင်း၊ ဆန်ကို မှီခိုနေရတဲ့ ယခင် ဘိန်းစိုက်တောင်သူ ဒေသခံတွေကတော့ စားဝတ်နေရေးအခက်ခဲတွေကြုံတွေ့ကာ ဘိန်းစိုက်ပျိုးမှုဘက် ပြန်ရောက်သွားနိုင်တယ်လို့ လေ့လာသူတွေက ဝေဖန်နေကြပါတယ်။

**ဂျူလိုင် ၃၁ ၊ Mizzima ။ ။** မြန်မာသို့ရောက်မှ ဗီဇာလျှောက်သူများအား အမဲစာရင်းသတ်မှတ်ထားသူဟုတ်မဟုတ် သေချာစွာစီစစ်ရန် မြန်မာဟိုတယ်နှင့်ခရီးသည်လုပ်ငန်းမှ ခရီးသွားတိုးလုပ်ငန်းများအား ညွှန်ကြားထားကြောင်း။

**ဩဂုတ် ၃၊ Irrawaddy ။ ။** စင်္ကာပူ၏ Online Citizen နှင့်အင်တာဗျူးတွင် စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး George Yeo သည် မြန်မာနှင့်ပတ်သက်၍ အချက်အလက်များစွာမှားပြောခဲ့၏။ မြန်မာသည် လွတ်လပ်ရေးရချိန်မှစ၍ စစ်တပ်မှအုပ်ချုပ်ခဲ့ကြောင်း၊ နိုင်ငံခြားသားနှင့်လက်ထပ်သော မြန်မာနိုင်ငံသားတဦးသည် နိုင်ငံရေးဝန်ထမ်းတဦးမဖြစ်နိုင်ဟူသော ဥပဒေကို ဗိုလ်ချုပ်အောင်ဆန်းမှ ပြဋ္ဌာန်းခဲ့ကြောင်း ပြောခဲ့ကြောင်း သတင်းထောက်ဝေမိုးမှ ထောက်ပြဝေဖန်၏။

**ဩဂုတ် ၃၊ DVB ။ ။** Movement for Democracy and Rights for Ethnic Nationalities (MDREN)–ဒီမိုကရေစီနှင့် တိုင်းရင်းသားများအခွင့်အရေးဆိုင်ရာလှုပ်ရှားမှုအမည်ဖြင့် မြန်မာဒီမိုကရေစီအင်အားစုများသည် ဂျာကာတာတွင် ဩဂုတ် ၁၂–၁၃ နိုင်ငံတော်ပြန်လည်ရင်ကြားစေ့ရေး ၂ ရက်တာ ဆွေးနွေးကျင်းပမည်။ ဆွေးနွေးပွဲသည်သမိုင်းမှတ်တမ်းကြီးဖြစ်ကြောင်း၊ အတိုက်အခံများမှ ယခုလိုစုစည်းခဲသည်မှ ၁၉၄၇ ကနောက်ဆုံးဖြစ်ကြောင်း NCGUB ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းမှဆို၏။

**ဩဂုတ် ၃၊ VOA ။ ။** မြန်မာမှ နအဖကွက်ကဲမှုအောက်မှထွက်ပြေးလာသူ ထိုင်းရောက် မြန်မာတပ်မှအရာရှိ ၂ ဦးအဆိုအရ မြန်မာသည် စောလျှင် နောက် ၅ နှစ်ခန့်အတွင်းနျူကလီယာလက်နက်ထုတ်လုပ်နိုင်မည်ဟုဆိုကြောင်း ထိုင်းရှိ ဩစတြေးလျားမှ သုတေသီများမှ ၂ နှစ်တာမေးမြန်းပြီးနောက် ဆို၏။

**ဩဂုတ် ၃၊ RGN-UPI ။ ။** ဒေါ်အောင်ဆန်းစုကြည်၏အမှု ရက်ချိန်းပြီးနောက် ပြည်သူများအား ဆန္ဒပြခြင်းမပြုရန် နအဖမြန်မာ့ အလင်းသတင်းစာအာဘော်မှ သတိပေး၏။

**ဩဂုတ် ၄၊ BP-editorial ။ ။** မြန်မာသည် မြောက်ကိုရီးယားနှင့် အနုမြူပညာဖလှယ်မှုပြုလျှင် အာဆီယံစည်းကမ်းဖေါက်ဖျက်ရာကြမည်၊ ထိုင်းအတွက်သာမက အာရှတခုလုံးအန္တရာယ်ကြီးမားလာမည်။ အနုမြူနှင့်ဆက်စပ်လာလျှင် ကမ္ဘာသို့အသိပေးရန်တာဝန်ရှိပြီး၊ ကုလ၏အနုမြူအေဂျင်စီမှတဆင့်ဖြတ်သန်းရမည်ဖြစ်ကြောင်း သတင်းစာအာဘော်မှ ဝေဖတ်သုံးသပ်၏။

**ဩဂုတ် ၄၊ UN ။ ။** ကုလအတွင်းရေးမှူးချုပ်ဘန်ကီမွန်းသည် မြန်မာသို့ရောက်စဉ် ခလေးစစ်သည်ပြဿနာကို ထည့်သွင်းမပြောခဲ့သော်လည်း၊ မြန်မာနအဖနှင့် ကေအင်ယူတို့ ခလေးစစ်သည်ပြဿနာသုံးသပ်ရန် အဖွဲ့တဖွဲ့စေလွှတ်မည်ဟုဆိုကြောင်း။

**ဩဂုတ် ၄၊ Rtrs ။ ။** ထိုင်းသည် မြန်မာမှ သဘာဝဓါတ်ငွေ့ စတင်ဝယ်ယူတင်သွင်းမှုကို ၂၀၁၃ မှစရန် စီစဉ်နေကြောင်း ထိုင်းစွမ်းအင်ဝန်ကြီးမှဆို၏။ PTT ရှာဖွေရေးနှင့်ထုတ်လုပ်ရေးသည် ၂၀၀၉ နောက်ဆုံးသုံးလပတ်တွင် မိခင် PTT PCL (PTT.BK) နှင့် လက်မှတ်ထိုးဖွယ်ရှိ၏။

**ဩဂုတ် ၄၊ KATHMANDU ။ ။** ဒေါ်အောင်ဆန်းစုကြည်၏လွတ်မြောက်ရေးနှင့် သူမ၏ယိုယွင်းလာသောကျန်းမာရေးအတွက် စိတ်ပူ၍ နီပေါဝန်ကြီးချုပ်ဟောင်း Girija Prasad Koirala မှ နအဖအား သူမအားချက်ချက်လွှတ်ရန် မေတ္တာရပ်ခံ၏။

**ဩဂုတ် ၄ ၊ Korea Herald ။ ။** အမေရိကန်သည် မြောက်ကိုးရီးယားနှင့်မြန်မာတို့သည် စစ်ဖက်ရေးရာပူးပေါင်းဆောင်ရွက်မှုအပေါ် စိုးရိမ်သည်ဟုဆိုသော်လည်း မည်သို့သော်ပူးပေါင်းဆောင်ရွက်မှုဆိုသည်ကို ရှင်းလင်းဖေါ်ပြမှုမရှိခဲ့ဟု Yonhap သတင်းမှဆို၏။

**ဩဂုတ် ၄၊ The Age ။ ။** စစ်ဖိနပ်အောက်မြန်မာများပြည်သူများ၏ ဒုက္ခဝေဒနာသည် ကမ္ဘာ့ပြည်သူများ၏ ဒုက္ခဝေဒနာဖြစ်ပြီး၊ မြန်ပြည်သူများအပေါ် ရက်စက်ယုတ်မာမှုများအတွက် မြန်မာစစ်အဖွဲ့တွင် အပြစ်ရှိကြောင်း၊ နံရံမှဒေါ်အောင်ဆန်းစုကြည်၏ပုံကိုမြင်တိုင်း မိမိသည် မြန်မာပြည်တွင် ရက်စက်ရုတ်မာမှုများရပ်တန့်ရေးအစွမ်းကုန်ဆောင်ရွက်ပြီးပြီလောဟု မိမိကိုယ်မိမိ နေ့စဉ်မေးသလို ကမ္ဘာ့ခေါင်းဆောင်တိုင်းမေးရန် ဆုတောင်းကြောင်း ဘိရှော့ Desmond Tutu မှရေးသား၏။

**ဩဂုတ် ၄၊ UN ။ ။** ထိုင်းအခြေစိုက် ကုလပညာရှင်များသည် မြန်မာတွင် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သင်တန်းပေးရန် ယခုလကုန် မြန်မာသို့သွားမည်၊

**ဂျူလိုင် ၄၊ AI ။ ။** ဒေါ်အောင်ဆန်းစုကြည်အမှု အမိန့်ကချရက်နီးလာပြီး ရှစ်လေးလုံးရက်နှင့် ၃ ရက်သာကွာ၍ မြန်မာအခြေအနေသည် တင်းမာနေကြောင်း၊ စစ်အုပ်ချုပ်ရေးအဖွဲ့သည် အရေးကြီးနေရာများတွင် အင်အားသုံး လူ့အခွင့်အရေးချိုးဖေါက်မှုများကို တိုးချဲ့လုပ်နိုင်ကြောင်း Amnesty International မှ ဆို၏။

**ဩဂုတ် ၅၊ RFA ။ ။** ဩဂုတ် ဖ–၁၉၈၈နေ့တွင် ပဲခူးမြို့တွင် ကျောင်းသားများအား စစ်တပ်မှပစ်သတ်ခဲ့မှုကို မမေ့ရန် နှိုးဆော်ကဗျာစာရွက်များ ပဲခူးမြို့တွင် ပြန့်ခဲ့ကြောင်း။

**ဩဂုတ် ၅၊ Irrawaddy ။ ။** ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် မြန်မာအရေးမိတ်ဆွေးများအဖွဲ့ အစည်းအဝေးတခု ယနေ့ခေါ်ယူမည်ဟု ဆို၏။

**ဩဂုတ် ၅၊ DVB ။ ။** လွတ်ငြိမ်းချမ်းသာခွင့်တွင် လွတ်မည့်သူများစာရင်းကို အချို့ထောင်များတွင် ပြုစချိတ်ဆွဲထားကြောင်း ထောင်ဝင်စာတွေ့ဆွေမျိုးများမှ ဆို၏။

**ဩဂုတ် ၅၊ Irrawaddy ။ ။** လူမမယ်စစ်သည်သုံးမှု ရှိမရှိစုံစမ်းရန် ရောက်ရှိမည့်ကုလသမဂ္ဂအဖွဲ့ အား ကြိုဆိုကြောင်း ကေအင်ယူမှဆို၏။

**ဩဂုတ် ၅၊ BP ။ ။** မြောက်ကိုးရီးယားနှင့် ရုရှအကူအညီဖြင့် မြန်မာသည် နျူးကလီယာဓါတ်ပေါင်းဖိုနှင့် ပလူတိုနီယံသိုလ်လှောင်ရုံဆောက်မည့်သတင်းများသည် အခြေမရှိဟု ထိုင်းစစ်တပ်ထိပ်သီးပိုင်းအချို့မှဆို၏။

**ဩဂုတ် ၅၊Brisbane Times ။ ။** အမေရိကန်မှ အနုမြူအလွဲသုံးစားဖျက်သိမ်းရေးကြိုးပမ်းသည့် အနုမြူကျွမ်းကျင်သူများသည် မြန်မာနအဖထံမှ ဩစတြေးလျားပညာရှင်များမှ မြန်မာသည် လျှို့ဝှက်အနုမြူဓါတ်အားစက်ဆောက်နေမှုသတင်းအပေါ် ဖြေရှင်းချက်ထုတ်ရန် တောင်းဆို၏။

**ဩဂုတ် ၆၊ BKK-AP ။ ။** တရုတ်နှင့်ထိုင်းသို့ရောင်းမည့်လျှပ်စစ်အား ထုတ်လုပ်ရန် သံလွင်မြစ်တွင် တည်မည့်ရေကာတာသည် လူနည်းစုတိုင်းရင်းသားများ လူ့အခွင့်အရေးပိုမိုဖေါက်ဖျက်ခံရမည်ဟု လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် ကေအင်ယူတို့မှဆို၏၊ ထိုင်းနိုင်ငံအားလည်း မေတ္တာရပ်ထားရာ တုန့်ပြန်မှုမရသေးကြောင်း။

**ဩဂုတ် ၆၊ The Australian ။ ။** ပါကစ္စတန်မှ နျူးကလီယာသိပ္ပံပညာရှင် Suleiman Assad နှင့် Muhammad Mukhtar တို့သည် နှစ်အတန်ကြာက မြန်မာတွင်သွားရောက်နေထိုင်ခဲ့ဘူးကြောင်း အိန္ဒိယမှ သတင်းထွက်ခဲ့ကြောင်း။

**ဩဂုတ် ၇၊ DVB ။ ။** မကွေးတိုင်း ချောက်မြို့တွင် သံတိုင်နောက်မှ ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုံနဲ့ လွတ်ပါစာသား ရေးထားသော စာရွက်တွေ မနေ့ညက လူငယ်တစု လိုက်ကပ်ခဲ့ကြကြောင်း။


**စာမျက်နှာ ၁၀ သို့**

# ၂၀၁၄ တွင် နအဖ စစ်အုပ်စု နျူကလီးယားလက်နက် ပိုင်ဆိုင်နိုင်ဖွယ်ရှိဟုဆို

**DVB ၊ ဩဂုတ် ၃ ။** ။ လာမယ့် ၅ နှစ်လောက်ကစပြီး နအဖစစ်အုပ်စု အနေနဲ့ နျူကလီးယား လက်နက်တွေ စတင်ပိုင်ဆိုင်နိုင်လိမ့်မယ်ဆိုတဲ့ သတင်းတွေ မနေ့ကထုတ်တဲ့ ဩစတြေးလျား မောနင်းဟာရယ်သတင်းစာနဲ့ ဒီနေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာ တွေမှာ ဖော်ပြထားတာ တွေ့ရပါတယ်။

ဒီသတင်းတွေကို မြန်မာပြည်အကြောင်း နှစ်ပေါင်းများစွာ လေ့လာနေသူတဦး ဖြစ်တဲ့ ဩစတြေးလျားအမျိုးသားတက္ကသိုလ်ရဲ့ မဟာဗျူဟာကျွမ်းကျင်သူ ပါမောက္ခ ဒက်စမွန်ဘော့လ်နဲ့ ထိုင်းနိုင်ငံအခြေစိုက် ဝါရင့်သတင်းထောက်တဦးဖြစ်တဲ့ မစ္စတာဖီးလ်သွန်တွန်တို့က ၂ နှစ်ကြာ ပြုစုရေးသားခဲ့တာပါ။ သူတို့ဟာ မြန်မာပြည်ဘက်က ထွက်ပြေးတိမ်းရှောင်လာတဲ့ နအဖစစ်တပ်ရဲ့ လျှို့ဝှက် နျူကလီးယားတပ်ဖွဲ့က အရာရှိတဦးဖြစ်တဲ့ ကိုမိုးကြိုးလို့ နာမည်ဝှက်ပေးထားသူအပြင် ရုရှား၊ မြောက်ကိုရီးယားတို့နဲ့ နအဖစစ်အုပ်စုနျူကလီးယား စာချုပ်ချုပ်ဆိုတဲ့နေရာမှာ ပတ်သက်မှုတွေရှိနေတဲ့ ဦးတေဇပိုင် ထုးကုမ္ပဏီက အဆင့်မြင့်အရာရှိတဦးဖြစ်တဲ့ ဦးတင်မင်းတို့နဲ့ တွေ့ဆုံမေးမြန်းပြီး ဒီအစီရင်ခံစာတွေကို ရေးသားထားတာပါ။

ဒီသတင်းတွေအရ မြန်မာနိုင်ငံမှာ နျူကလီးယားစွမ်းအင် ထုတ်လုပ်ရာမှာ အဓိကဖြစ်တဲ့ ယူရေနီယံသတ္တုထုတ်လုပ်နိုင်တဲ့ သတ္တုတွင်း အနည်းဆုံး ၁၀ ခုရှိနေပြီး ယူရေနီယံ သန့်စင်စက်ရုံ ၂ ရုံနဲ့ ဓာတ်ပေါင်းဖို ၂ ခု ရှိနေပြီလို့ဖော်ပြထားပါတယ်။ နိုင်ငံတကာ သတင်းမီဒီယာတွေမှာ စိုးရိမ်တကြီး ဖော်ပြနေကြတဲ့အချက်က စစ်အုပ်စုဟာ လာမယ့် ၅ နှစ်လောက်မှာ နျူကလီးယားဗုံးတွေ စတင်ထုတ်လုပ်လာနိုင်ချေ ရှိနေပြီး တနှစ်ကို နျူကလီးယားဗုံးတလုံးနှစ်စဉ်ထုတ်လုပ်သွားနိုင်မယ့် ကုန်ကြမ်းရှိနေတယ်ဆိုတာပဲ ဖြစ်ပါတယ်။ နျူကလီယား လက်နက်ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ယူနေရနီယံ သန့်စင်မှုတွေကို ဧရာဝတီ မြစ်ကမ်းဘေးတွေမှာရှိတဲ့ သပွနနဲ့ သပိတ်ကျင်းမြို့တွေနားမှာရှိတဲ့ တပ်မတော် သိပ္ပံနဲ့ နည်းပညာဖွံ့ဖြိုးရေးဌာန ၂ ခုမှာ ပြုလုပ်နေတာ ဖြစ်ပါတယ်။

သန့်စင်ပြီး ယူနေနီယံသတ္တုတွေကို နအဖစစ်အုပ်စုက မြောက်ကိုရီးယားနဲ့အီရန်ကို ထောက်ပံ့မှုတွေရှိခဲ့ပြီး နည်းပညာအပြန်အလှန် အကူအညီပေးမှုတွေ ရှိခဲ့တယ်လို့မြန်မာတပ်ပြေး အရာရှိကို ကိုးကား ရေးသားထားပါတယ်၊ နျူကလီယားဓာတ်ပေါင်းဖိုတွေကို မကွေးတိုင်းက မြိုင်မြို့နယ်နဲ့ မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရဲ့ အရှေ့တောင်ဘက်မှာရှိတဲ့ နောင်လိုင်ရွာအနီးမှာ တည်ဆောက်ထားတယ်လို့လည်း အဲဒီသတင်းတွေက ဆိုပါတယ်။ နအဖအစိုးရဟာ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်လောက်ကတည်းက ဆေးသိပ္ပံပညာမှာ အသုံးပြုဖို့ နိုင်ငံတကာ အနုမြူအေဂျင်စီမှာ တောင်းဆိုတာမျိုးတွေရှိခဲ့ပြီးတဲ့နောက်ပိုင်း ရုရှားနိုင်ငံနဲ့ အနုမြူစွမ်းအင်ကိစ္စ ဆွေးနွေးတာမျိုးတွေရှိပေမယ့် အဆင်မပြေ ဖြစ်ခဲ့ပြီးတဲ့နောက်ပိုင်း မြောက်ကိုရီးယားနဲ့ စစ်ဆေးဆက်ဆံမှုတွေ ရှိနေချိန်မှာ နျူကလီးယားလက်နက်ပိုင်ဆိုင်တော့မယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

ဒီအစီရင်ခံစာရေးသားခဲ့တဲ့ ပါမောက္ခ ဒက်စမွန်ဘော့လ်ရဲ့ အဆိုအရ နိုင်ငံတကာ အနုမြူအေဂျင်စီရဲ့ IAEA ရဲ့ ကြီးကြပ်မှုအောက်မှာရှိတဲ့ နျူကလီးယားဓာတ်ပေါင်းဖိုအနေနဲ့ ရုရှားကသာ တည်ဆောက်ပေးမယ်ဆိုရင် အနုမြူဗုံးထုတ်လုပ်နိုင်မယ့် အလားအလာမရှိဘဲ မြောက်ကိုရီးယားက တည်ဆောက်ပေးနေတာလို့ ယူဆရတဲ့အတွက် ပိုစိုးရိမ်ဖို့ကောင်းတယ်လို့ သုံးသပ်ထားပါတယ်။ ထိုင်း–မြန်မာနယ်စပ်အခြေစိုက် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာန စစ်ရေးအကဲခတ်ဦးဌေးအောင်က မြောက်ကိုရီးယားလို နိုင်ငံမျိုးက နျူကလီးယားနည်းပညာကို ရောင်းချခဲ့မယ်ဆိုရင် နအဖစစ်အုပ်စုအနေနဲ့ အလျှင်အမြန် နျူကလီးယားလက်နက် ပိုင်ဆိုင်လာနိုင်ဖွယ်ရှိတယ်လို့ ပြောပါတယ်။

"နျူကလီးယားလက်နက်လုပ်ဖို့က အဆင့်လိုက်လုပ်ရတာရှိတယ်။ နည်းပညာအရရော၊ ငွေကြေးအရရော၊ အချိန်တွေယူရတာရော ရှိတယ်။ သူတို့ကိုယ်တိုင် စမ်းသပ်တီထွင်မယ်ဆိုရင်တော့ နှစ်တော်တော်များများ ကြာနိုင်ပါတယ်။ သို့သော် နျူကလီးယားပိုင်ဆိုင်တဲ့ မြောက်ကိုရီးယားလိုနိုင်ငံမျိုး၊ အီရန်လိုနိုင်ငံမျိုးတွေက နည်းပညာ မရောင်းချဘူးလို့ ပြောလို့မရဘူး။ သူတို့နိုင်ငံတွေက ငွေလိုနေတဲ့အပေါ်မှာ၊ အမေရိကန်နဲ့ ထိပ်တိုက်ရင်ဆိုင်နေရတဲ့အပေါ်မှာ နအဖစစ်အုပ်စုကိုလည်း သူတို့အနေနဲ့ မိတ်ဆွေအဖြစ် သတ်မှတ်ပြီး ဒီလိုလက်နက်တွေကို ဈေးကြီးကြီးနဲ့ရောင်းချနိုင်တဲ့ အနေအထားမျိုးလည်းရှိပါတယ်။ ဒါမျိုးဆိုရင် နအဖစစ်အုပ်စုဟာ အချိန်တိုအတွင်းမှာ နျူကလီးယားထိပ်ဖူး တခုခုကို ပိုင်ဆိုင်ကောင်း ပိုင်ဆိုင်နိုင်တဲ့ အနေအထားရှိတယ်လို့ကျနော်ထင်ပါတယ်။"

နအဖစစ်အုပ်စုဟာ နိုင်ငံတကာရဲ့ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုတွေကို ရင်ဆိုင်နေရချိန်မှာ နျူကလီးယားစွမ်းအင်ထုတ်လုပ်နိုင်ဖို့ ငွေကြေးတွေကို သဘာဝဓာတ်ငွေ့အပါအဝင် သယံဇာတ တွင်းထွက်ပစ္စည်းတွေကို ရောင်းချပြီး ရရှိတဲ့ငွေတွေနဲ့ ဒီစီမံကိန်းတွေကိုဆောင်ရွက်နိုင်နေတာလို့လည်း မြန်မာ့အရေး စောင့်ကြည့်အကဲခတ်တွေက ဆိုပါတယ်။ ဒီအပေါ်ကိုလည်း ဦးဌေးအောင်က သူ့အမြင်ကို ပြောပါတယ်။

"အခုဆိုရင် မြန်မာနိုင်ငံကနေ သဘာဝဓါတ်ငွေ့အပါအဝင် သယံဇာတပစ္စည်းတွေ အိမ်နီးချင်းနိုင်ငံတွေက အဓိကထား ဝယ်နေကြတယ်။ အထူးသဖြင့် ထိုင်း၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေက ဝယ်ကြတယ်။ အဲတော့ ဝယ်ယူတဲ့ သူတို့ဆီက ငွေကြေးတွေနဲ့ တချိန်ချိန်မှာ သူတို့နိုင်ငံတွေကို ပြန်ပြီး ပြဿနာဖြစ်လာမယ်ဆိုရင် ဒီအစိုးရတွေကိုယ်တိုင်က သူတို့လူထုအပေါ်မှာ တာဝန်မကျေရာရောက်တယ်။ သူတို့လူထုရဲ့ ပြစ်တင်ဒဏ်ခတ်မှုကို ဒီအစိုးရတွေကိုယ်တိုင် တချိန်ချိန်မှာ ခံရနိုင်တယ်လို့ ကျနော် ယူဆတယ်။"

စစ်အုပ်စုလက်ထဲမှာ နျူကလီးယားလက်နက်သာ ပိုင်ဆိုင်လာမယ်ဆိုရင် ဒေသတွင်း လုံခြုံရေးကို မထိခိုက်နိုင်ပါဘူးလို့ အမြဲတစေပြောဆိုနေတဲ့ တရုတ်နဲ့ အိန္ဒိယတို့လို နိုင်ငံမျိုးတွေပါ လုံခြုံရေး စိတ်မချရတော့ဘဲ ကျန်တဲ့ဒေသတွင်း နိုင်ငံတွေကြားထဲမှာလည်း လက်နက်အပြိုင်အဆိုင် တပ်ဆင်မှုတွေ ဖြစ်လာနိုင်တယ်လို့ ဦးဌေးအောင်က ပြောပါတယ်။

"နျူကလီးယားလက်နက်ကို ပိုင်ဆိုင်ပြီဆိုတာနဲ့ တပြိုင်နက် တရုတ်နိုင်ငံလို လူဦးရေထူထပ်တဲ့ နိုင်ငံကြီးတွေက ပိုပြီးတော့ အန္တရာယ်ကြီးလာမယ့် အနေအထားရှိတယ်။ အထူးသဖြင့် ထိုင်းနိုင်ငံကတော့ နအဖစစ်အုပ်စုကို အမြဲတမ်း ရန်သူသဖွယ် ဆက်ဆံခဲ့တဲ့ သဘောမျိုးရှိတယ်လေ။ အဲတော့ ထိုင်းနိုင်ငံအတွက်လည်း အန္တရာယ်ကြီးမယ်။ ဒါကို ထိုင်းနိုင်ငံလည်း အခုတည်းက ကြိုပြီး နအဖစစ်အုပ်စုကို မျက်ခြေမပြတ် စောင့်ကြည့်နေတဲ့အနေအထားက နအဖစစ်အုပ်စုမှာ နျူကလီးယားလက်နက် မပိုင်ဆိုင်ခင်ကတည်းက ထိုင်းနိုင်ငံကလည်း ဒါတွေအတွက် ယှဉ်ပြိုင်ပြီး လက်နက်တပ်ဆင်လာမယ့် အနေအထားတွေ၊ အန္တရာယ်တွေ ရှိနေမယ်လို့ထင်တယ်။"

နအဖစစ်အုပ်စုရဲ့ သိပ္ပံနဲ့နည်းပညာဌာနမှာ ဒေါက်ဘွဲ့ရရှိထားသူ လေးဆယ်ကျော်ရှိထားပြီး နှစ်စဉ်လိုလို ရုရှားနဲ့ မြောက်ကိုရီးယားစတဲ့ နိုင်ငံတွေကို စစ်သားတထောင်ကျော်ကို အဆင့်မြင့်စစ်ရေးနဲ့ ပတ်သက်တဲ့ ပညာတော်သင်တွေ စေလွှတ်နေတာဟာ အခုဆိုရင် လေးထောင်ကျော်ရှိနေပြီလို့လည်း စစ်ရေးအကဲခတ်တွေက ပြောပါတယ်။

---

## ပြကွဒိန်မှ

**ဩဂုတ် ၇ ၊ Reuters ။ ။** ယခုနှစ်ဂျူလိုင်လ အစောပိုင်း၌ မြန်မာနိုင်ငံကို သွားရောက်ခဲ့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ခရီးစဉ်အတွင်း ပုံးခွဲတိုက်ခိုက်မည့် လူငယ် ၁၅ ယောက်ကို အချိန်မီဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲချုပ်ခင်ရီမှ ပြောဆို။

**ဩဂုတ် ၇၊ AFP ။ ။** ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Ban Ki-moon မှ နအဖစစ်အုပ်စုကို ထပ်မံတောင်းဆိုလိုက်ကြောင်း။



# သတင်းတိုထွေထွေ ဖတ်စရာ | ကျော်စံကွေး

## မြန်မာပြည်သွားမယ့်အမေရိကန်အမတ်

အမေရိကန်အထက်လွှတ်တော် ဒီမိုကရက်တစ်အမတ် ဂျင်မ်ဝက်ဘ် ဟာ မြန်မာနိုင်ငံအပါအဝင် အာရှ ၅ နိုင်ငံကို လာမယ့်သီတင်းပတ်အတွင်းသွားမယ်လို့ သိရပါတယ်။ အထက်လွှတ်တော် အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာကော်မတီ ဥက္ကဌ မစ္စတာဝက်ဘ်ဟာ မြန်မာနိုင်ငံသို့ရောက်တဲ့အခါ ဒေါ်စုနဲ့တွေ့မှာ မဟုတ်ဘူးလို့ဆိုပါတယ်၊ ဒေါ်စုကို လွှတ်ပေးဖို့ အမေရိကန်အစိုးရရော အမတ်တွေပါ နအဖကို ဖိအားပေးလျက်ရှိပါတယ်။ **(REUTERS, 6.8.2009)**

## ဒေါ်စုလွတ်မြောက်ရေး နိုင်ငံကြီးများထောက်ခံ

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စုစည်းထားတဲ့ မြန်မာ့မိတ်ဆွေနိုင်ငံများအဖွဲ့မှာပါတဲ့ နိုင်ငံကြီးတွေက ဒေါ်စုလွတ်မြောက်ရေးကို လိုလားထောက်ခံတယ်လို့ အဖွဲ့ရဲ့ဆွေးနွေးပွဲအပြီး ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ မစ္စတာဘန်က နအဖကို နိုင်ငံတကာအသိုင်းအဝိုင်းရဲ့သဘောထားကို အလေးထားဖို့နဲ့ ဒေါ်စုကိုအမြန်ဆုံးလွှတ်ပေးဖို့ပြောဆိုထားပါတယ်။ (AP, 5.8.2009)

## ယပ်တောကျန်းမာရေးနှင့် စီရင်ချက်

ဒေါ်စုနေအိမ်ဝင်းထဲကို အင်းယားကန်ဘက်ကနေ ရေကူးပြီးဝင်ရောက်တယ်ဆိုတဲ့ စွဲချက်နဲ့ ဖမ်းဆီးတရားစီရင်ခံနေရတဲ့ အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယပ်တောဟာ ကျန်းမာရေးအခြေအနေယိုယွင်းလာတာကြောင့် ဆေးရုံတင်ထားရတယ်လို့ သိရပါတယ်။ သူ့ရဲ့ရှေ့နေကတော့ စီရင်ချက်ကို တရားခံအဖြစ်စွဲချက်တင်ခံထားရတဲ့သူရဲ့မျက်ကွယ်မှာ ချမှတ်လို့မရဘူးလို့ဆိုပါတယ်။ သူပြောတဲ့အရဆိုရင် အမှုတတွဲတည်းအစွဲခံထားရတဲ့ ဒေါ်စုကိစ္စကိုလည်း ယပ်တောက တရားရုံးမတက်နိုင်ရင် ရွှေ့ဆိုင်းဖွယ်ရာရှိတယ်ဆိုတဲ့ တွက်ဆချက်တွေလည်း ရှိနေပါတယ်။ **(AP, 6.8.2009)**

## လူ့အခွင့်ချိုးဖောက်စေမည့်ရေကာတာ

သံလွင်မြစ်ဖြတ်ရေကာတာ ၂ ခုတည်ဆောက်တဲ့စီမံချက်ဟာ ထောင်နဲ့ချီရှိတဲ့ တိုင်းရင်းသားလူမျိုးစုတွေကို ပြောင်းရွှေ့နေရာချထားတဲ့အဖြစ်ကို ရောက်စေပြီး အဲဒီအခါမျိုးမှာ လူ့အခွင့်အရေးချိုးဖောက်တာတွေ၊ အိမ်နီးချင်းနိုင်ငံတွေကို ထွက်ပြေးတာတွေဖြစ်လာမယ်လို့ လူ့အခွင့်အရေးလှုပ်ရှားသူတွေက ပြောဆိုနေကြပါတယ်။ အဲဒီရေကာတာတွေကနေ ရေအားလျှပ်စစ်ထုတ်ပြီး ထိုင်းနိုင်ငံ ကို ရောင်းချမှာဖြစ်ပါတယ်။ (AP, 6.8.2009)

## ကလေးစစ်သားသုံးစွဲမှုရပ်တန့်ရေး

ကလေးစစ်သားပပျောက်ရေးအတွက် ကုလသမဂ္ဂကဦးဆောင်ပြီး ကမ္ဘာနဲ့အဝှမ်းကြိုးပမ်းမှုအဖြစ်နဲ့ ကုလရဲ့အဖွဲ့တဖွဲ့ကို မြန်မာနိုင်ငံသို့စေလွှတ်မယ်လို့ သိရပါတယ်။ အဲဒီအဖွဲ့ဟာ နအဖစစ်အာဏာပိုင်တွေနဲ့ရော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ပါတွေ့ပြီး ဖိအားပေးမှုတွေ လုပ်မယ်လို့ သိရပါတယ်။ ဘန်ကီမွန်းဟာ နအဖကိုရော တိုင်းရင်းသားလက်နက်ကိုင်တွေကိုပါ ကလေးစစ်သားသုံးလို့ ပြစ်တင်ဝေဖန်ထားပါတယ်။ **(REUTERS, 5.8.2009)**

## လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းနေပါကြောင်း

နအဖအာဏာရှင်တွေဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အလေးထားပြီး ဆောင်ရွက်နေတာကို နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ပြသနေပါ တယ်၊ အဲဒါရဲ့ကြိုးပမ်းချက်တခုအဖြစ် ပြီးခဲ့တဲ့ ဂျူလိုင်လအတွင်းက အာဆီယံ နိုင်ငံတွေက အဆင့်မြင့်အရာရှိတွေနဲ့ ကြပ်ပြေးနေပြည်တော်မှာ ဆွေးနွေးမှု တွေလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒါအပြင် လူကုန်ကူးခံရတဲ့သူတွေကို ကယ်တင်၊ လူကုန်ကူးလုပ်ငန်းလုပ်သူတွေကိုဖမ်းဆီးမှုတွေလုပ်နေပါတယ်။ နအဖနဲ့ နိုင်ငံကိုစီမံအုပ်ချုပ်မှုများယွင်းညံ့ဖျင်းမှုတွေကြောင့် ပြည်သူတွေအကျပ် အတည်းပေါင်းစုံနဲ့ကြုံနေရတာတွေကို ပြည်ပနိုင်ငံတွေကို နည်းမျိုးစုံနဲ့ထွက်ခွာနေကြတာတွေက လူကုန်ကူးမှုတိုးတက်ကြီးပွားရေးကို အားပေးသလိုဖြစ်နေပါတယ်။ **(PEOPLE's DAILY, VOB, 5.8.2009)**

## ရှေ့နေများရဲ့မျှော်လင့်ချက်

စစ်အုပ်စုရဲ့မတရားစွဲချက်တင်ခံရပြီး အမှုရင်ဆိုင်နေရတဲ့ ဒေါ်အောင်ဆန်းစု ကြည်ဟာ ပြန်လည်လွတ်မြောက်လာလိမ့်မယ်လို့ သူမရဲ့ရှေ့နေတွေက မျှော် လင့်နေကြပါတယ်။ အမှုနဲ့ပတ်သက်တဲ့ အပြီးသတ်လျှောက်လဲချက်တွေပြီးသွားပြီး စီရင်ချက်ချရမယ့်ကိစ္စမှာ စစ်အာဏာရှင်တွေရဲ့လက်ကိုင်တုတ်တရားစီရင်ရေးအဖွဲ့ဟာ အကြောင်းအမျိုးမျိုးတွေပြပြီး စီရင်ချက်ကို ရက်ရွှေ့ဆိုင်းလျက်ရှိပါတယ်။ နိုင်ငံတကာဖိအားနဲ့ စီရင်ချက်ချမှတ်ရေးဟာ ဆက်နွယ်မှုရှိနေပါတယ်။ **(AFP, VOB, 2.8.2009)**

## မက်ဆေးဆေးဆုရှင်ကာစောဝါ

EarthRights International ကိုတွဲဖက်တည်ထောင်သူဖြစ်တဲ့ လူ့အခွင့်အရေးလှုပ်ရှားသူ ကာစောဝါဟာ မက်ဆေးဆေးဆုကို တခြား အာရှသား ၅ ဦးနဲ့အတူ ပူးတွဲရရှိခဲ့တယ်လို့သိရပါတယ်။ မက်ဆေးဆေးဆုဟာ အာရှတိုက်ရဲ့နိုဘဲလ်ဆုလို့ အများက အသိအမှတ်ပြုထားကြပါတယ်။ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ ဒီမိုကရေစီရေးတွေကို လုပ်ကိုင်တဲ့ အတွက် အခုလိုချီးမြှင့်ဂုဏ်ပြုခံရတာပါ။ **(REUTERS, 3.8.2009)**

## အမှတ်တမဲ့မှ အမှတ်တရဖြစ်ရ

အခုရက်ပိုင်း အင်တာနက်စာမျက်နှာတွေ အီးမေးလ်တွေထဲမှာ ရုပ်ရှင်မင်းသားမင်းမော်ကွန်းနဲ့ အဖွဲ့က သင်္ကန်းဝတ်နဲ့အပေါ်ပိုင်းကိုလုံးတီး လက်မောင်းနဲ့ ခန္ဓာကိုယ်ပေါ်မှာ ဆေးမှင်ကြောင်တွေ ထိုးထားတဲ့ ဓါတ်ပုံဟာ ပျံ့နှံ့နေပါတယ်။ သာသနာကို စော်ကားခြင်းဖြစ်တယ်လို့ ဝေဖန်သံတွေလည်း ဆူညံစွာနဲ့ထွက်ပေါ်လာနေပါတယ်။ **(VOB, 6.8.2009)**

# ဒေါ်စုက ပါတီခေါင်းဆောင်တွေကို ကူညီရန် လူလတ်ပိုင်း ၁၄ ဦးကို တာဝန်ပေး

**DVB l ဩဂုတ် ၄ ll** ll အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းဖြစ်နေတဲ့ ပါတီထိပ်တန်းခေါင်းဆောင်တွေကို ကူညီနိုင်ဖို့ လူလတ်ပိုင်းခေါင်းဆောင် ၁၄ ဦးကို ဒေါ်အောင်ဆန်းစုကြည်က တာဝန်ပေးတာဟာ ပါတီအတွက် အားတက်ဖွယ် ဖြစ်တယ်လို့ ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်က ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရခဲ့သူ ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်း မနေ့ကပြောဆိုချက်တွေနဲ့ ပတ်သက်ပြီး ထင်မြင်ချက်မေးမြန်းစဉ် ဦးဝင်းတင်က ပြောခဲ့တာပါ။ ကျမ်းမာရေးမကောင်းလို့ ရုံးမတက်နိုင်တာဟာ ဦးအောင်ရွှေ၊ ဦးလွင်၊ ဦးလွန်းတင် ၃ ဦး တင်မကဘဲ သူကိုယ်တိုင်လဲ ရုံးမသွား နိုင်တာ သတင်း ၃ ပတ်ရှိနေပြီလို့ စတင်ပြောကြားခဲ့ပါတယ်။

“ဇူလိုင် ၁၆ ရက်နေ့မှာ ကျနော်က မျက်စိခွဲမလို့ ဆရာဝန်က နှလုံးရောဂါ ကျနော့်မှာ ရှိတယ်ဆိုတော့ ဆေးခန်းသွားပြရတယ်။ ကျနော့်ရဲ့ သွေးခုန်နှုန်းက ၄၁၊ ၄၂ လောက်ပဲရှိတော့ ဓါတ်မှန်တွေ ရိုက်ကြည့်၊ ဆေးစစ်လုပ်နေရတာပေါ့။ လူကတော့နေထိုင်ကောင်းအေမယ့် အရမ်းမောတယ်။ စကားပြောရင်မော၊ လှုပ်ရှားရင်လည်းမော ဖြစ်နေတယ်။”

ဒါကြောင့် အခု လူလတ်ပိုင်း ၁၄ ဦးကို တာဝန်ပေးတယ်ဆိုတာ သူအသေးစိပ်မသိသေးကြောင်း၊ ဒါပေမယ့် ဒါဟာ ကောင်းတဲ့ အလားလာဖြစ်ပြီး တပိုလ်ကျ တပိုလ်တက်စနစ်နဲ့ ဆက်သွားမှ ပါတီအားရှိလာမှာဖြစ်တယ်လို့ ပြောပါတယ်။

“ကျနော်ခွင့်ယူထားတုန်းမှာ ဒီကိစ္စပေါ်လာတာပါ။ ကျနော့်သဘောကတော့ လွန်ခဲ့တဲ့ ၁၅ နှစ် အနှစ် ၂၀ လောက်ထဲက လုပ်ဖို့ကောင်းတဲ့ကိစ္စပါ။ နိုင်ငံရေးဆိုတာက ရှင်းရှင်းပြောရရင် လူငယ်လူတတ်တွေနဲ့ပဲ လုပ်ဖို့ကောင်းတာပါ။ ကျန်တဲ့လူတွေဆိုတာက အကြံပေးဉာဏ်ပေးပေါ့။ တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်းလောက်ပဲ ကောင်းတယ်လို့ ကျနော်ကယူဆတယ်။ ကျနော်ဆိုရင် ၈၉ ထောင်ထဲဝင်သွားတော့ ဒေါ်စုနဲ့ ကျနော်နဲ့ ညှိနှိုင်းတယ်၊ အလုပ်ကော်မတီဆိုပြီးတော့ လုပ်ဖို့လူငယ်၊ လူသစ်တွေမွေးဖို့ဆိုတဲ့အနေနဲ့ အကြံပေးခဲ့တယ်။ စီအီးစီလို့ခေါ်တဲ့ work committee တွေနဲ့ လုပ်ခဲ့တာပါ။ အဲဒီလမ်းကြောင်းက ပျောက်နေပြီး နောက်ထပ်မပေါ်ဘဲဖြစ်နေတာ ဒီနေ့ကာလအထိပေါ့၊ ကျနော်ရောက်လာတဲ့အခါမှာ စီအီးစီမှာ တင်ပြပါတယ်။ ကျနော်တို့လူငယ်တွေကို တာဝန်ပေးဖို့လိုတယ်။ အခုကိစ္စကအားဖြည့်တာပဲ။ ရှင်းရှင်းပြောရရင် ရှေ့နဲ့နောက် ချိတ်ဆက်မိအောင်ပေါ့။ နိုင်ငံရေးစကားနဲ့ပြောရင် တပိုလ်ကျ၊ တပိုလ်တက်လုပ်ဖို့အတွက်ကို စီမံတာပါပဲ။”

ဒါပေမယ့် ဒီလိုနေရာတိုးချဲ့တာဟာ ပါတီတွင်းကိစ္စသာဖြစ်ပြီး လက်ရှိအီးစီတွေကို အနားပေး လူငယ်တွေက အီးစီတက်လုပ်တဲ့အထိ ဖြစ်မလာနိုင်သေးဘူး၊ ရွေးကောက်ပွဲ ဥပဒေအရ အဲဒီလိုလုပ်လို့မဖြစ်သေးဘူးလို့ ဦးဝင်းတင်ကမှတ်ချက်ပေးခဲ့ပါတယ်။

“အီးစီတွေ အသစ်လဲဖို့အထိ မရောက်နိုင်ဘူးဗျ။ အီးစီတွေအသစ်လဲရင် နအဖနဲ့ ပြဿနာတခုရှိပြန်တယ်။ နအဖဆီမှာ မှတ်ပုံတင်တဲ့ ကော်မရှင်ကလက်ခံထားတဲ့လူပဲ စီအီးစီစာရင်းဝင်နိုင်တယ်။ ကျနော်တို့ ဦးတင်ဦးတို့ ဦးခင်မောင်ဆွေတို့ event ပေါ့။ ဒေါ်စုတောင်မှ စာရင်းမပေါက်ဘူး၊ ကော်မရှင်က အသိအမှတ်မပြုဘူး။ အဲဒါကြောင့် ဂန်ဘာရီလာတယ် စီအီးစီနဲ့တွေ့တယ် ကျနော်တို့ကိုမဖိတ်ဘူး။ ဒေါ်စုတယောက်တည်းပဲ သူ့ပုဂ္ဂိုလ်အရ မဖိတ်မဖြစ်လို့၊ လက်မခံမဖြစ်လို့သာ လုပ်တယ်နဲ့တူတယ်။ ဘန်ကီမွန်းလာတာကိုလည်း ကျနော်တို့ကို မဖိတ်ဘူး။ ကျနော်တို့မှာ လုပ်ရကိုင်ရ အတော်ခက်တယ်။”

# ပင်လယ်ကမ်းရိုးတန်းမှာ လေပြင်းကျနိုင်

**DVB l ဩဂုတ် ၅ ll** ll ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုန်လေအားကောင်းနေတဲ့အတွက် မြန်မာ့ကမ်းရိုးတန်းတလျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ မိုးသက်လေပြင်းကျ ရောက်နိုင်ပြီး လှိုင်းကြီးနိုင်တယ်လို့ ရန်ကုန်ရှိ မိုးလေဝသနဲ့ဇလဗေဒဌာနက ထုတ်ပြန်ဝကြေညာပါတယ်။

ဒီနေ့ညနေ ၄ နာရီ ခန့်မှန်းချက်အရ ၄၈ နာရီအတွင်း တနင်္သာရီကမ်းရိုးတန်းနဲ့ ရခိုင်ကမ်းရိုးတန်းမှာ မိုးသက်လေပြင်းကျစဉ် လေတိုက်နှုန်းဟာ တနာရီကို ၃၅ မိုင်နှုန်းကနေ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းကြီးနိုင်တယ်လို့တာဝန်ကျ ဝန်ထမ်းတဦးက ပြောပါတယ်။

“တနင်္သာရီကမ်းရိုးတန်းတလျှောက် မိုးလေဝါသအခြေအနေအရ အနံ့အပြားမိုးရွာမယ်။ အမြင်တာ ၆ မိုင် မိုးရွာစဉ်က မိုင်ဝက်ခန့်မြေပြင်လေက အနောက်၊ အနောက်တောင် ၁၅ မိုင်ကနေပြီး မိုင် ၂၀ တခါတရံ ၃၅ မိုင်ကနေ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအခြေအနေက လှိုင်းအသင့်သင့်မှ လှိုင်းပြင်းထန်နိုင်တယ်။ ရခိုင်ကမ်းရိုးတန်းက မိုးလေဝသအခြေအနေအရ နေရာစိပ်စိပ်မိုးရွာမယ်။ အမြင်တာက ၆ မိုင် မိုးရွာစဉ် မိုင်ဝက်ခန့်ရေပြင်လေက တောင်၊ အနောက်တောင် ၁၅ မိုင်မှ မိုင် ၂၀ တခါတရံ ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်ပါတယ်။ လှိုင်းအခြေအနေက လှိုင်းအသင့်သင့်မှ လှိုင်းကြီးနိုင်ပါတယ်။”

ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းမှာ နေရာစိပ်စိပ်နဲ့ ကျန်ပြည်နယ်နဲ့တိုင်းမှာ နေရာကျဲကျဲ မိုးရွာနိုင်ပြီး ကချင်ပြည်နယ်နဲ့ မွန်ပြည်နယ်မှာမိုးကြီးနိုင်တယ်၊ ရွာရန်ရာနှုန်း ၈၀ ရှိတယ်လို့ မိုးလေဝသဌာနက ပြောပါတယ်။

# သွေးမြေကျသောနေ့ မမေ့ရန် ပဲခူးကျောင်းသားများလှုံ့ဆော်

**RFA l ဩဂုတ် ၅ ll** ll လွန်ခဲ့တဲ့ ၂၁ နှစ်က မဆလ တပါတီအာဏာရှင်အစိုးရကို တနိုင်ငံလုံးက ပြည်သူတွေအုံကြွပြီး ဒီမိုကရေစီတောင်းဆိုခဲ့တဲ့ ၈ ရက်၊ ၈ လ၊ ၈၈ မတိုင်ခင် ၂ ရက်အလို ၆ ရက်၊ ၈ လ၊ ၈၈နေ့မှာပဲခူးမြို့က ကျောင်းသားတွေကို စစ်တပ်က ပစ်သတ်ခဲ့တဲ့ဖြစ်ရပ်ကို မမေ့ကြဘို့နှိုးဆော်တဲ့ကဗျာစာရွက်တွေ ပဲခူးမြို့ နေရာတော်တော်များများမှာ ဩဂုတ်လ ၅ ရက်၊ ဒီကနေ့ဖြန့်ဝေခဲ့ကြတယ်လို့ သိရပါတယ်။

ရွှေမောဓောဘုရားတဝိုက်နဲ့ သနပ်ပင်ပဲခူးလမ်းမပေါ်တွေမှာ လျှောက်လွှာစာရွက် ထက်ပိုင်းအရွယ်စာရွက်တွေ ဖြန့်သွားတာကို ကိုယ်တိုင်ရရှိခဲ့တဲ့ ဒေသခံတယောက်က စာရွက်ပါကဗျာကို အခုဖတ်ပြပါတယ်။

“ကျွန်ုပ်တို့ရဲ့ခန္ဓာကိုယ်တွေ မရှိတော့ရင်တောင်မှ ကျွန်ုပ်တို့ရဲ့ဝိဉာဉ်တွေက ဆက်လက်ရှင်သန်နေမှာပါ။ အဲဒါတခုဗျာ။ နောက်တခုက ၆ ရက်၊ ၈ လ၊ ၈၈ ပဲခူးမြေမှာ အပြစ်မဲ့တဲ့ ကျောင်းသားတွေလည်း သေကျေတဲ့ သွေးမြေကျတဲ့နေ့ကို သင်တို့မေ့ထားနိုင်ပြီလားဆိုတဲ့ စာပိုဒ်လေးနှစ်ခုပေါ့။ အောက်က ၈၈ ဝိဉာဉ်များဆိုပြီးတော့ အဲဒီစာရွက်လေးလမ်းမှာကျဲတော့ ကျနော်လည်းသွားရင်းလာရင်း လမ်းမှာကောက်ပြီးတော့ တွေ့လို့ပေါ့ဗျာ။ ကောက်လာတာပေါ့။”

ဘယ်သူဝေသွားတယ် ဘာတယ်ဆိုတာတော့ မသိဘူးလို့သူပြောပါတယ်။ ဒီစာရွက်တွေမှာပါတဲ့ ၈၈ ဝိဉာဉ်များဆိုတဲ့စာကို ကြည့်ခြင်းအားဖြင့် ကျောင်းသားတွေလုပ်တာဖြစ်နိုင်တယ်လို့ ဆိုကြပါတယ်။ ဒီကိစ္စအပေါ် ဘယ်လိုမြင်သလဲလို့ သူ့အမြင်ကိုမေးကြည့်တဲ့အခါ အခုလိုပြောပြပါတယ်။

“ရှစ်လေးလုံးကတော့ တတိုင်းပြည်လုံးအတိုင်းအတာပေါ့နော်၊ ရှစ်လေးလုံးမရောက်ခင်မှာ ဆန္ဒပြပွဲတွေဖြစ်တာ ပဲခူးမှာ ၆ ရက်နေ့ ပြည်သူနဲ့ကျောင်းသားတွေ ဗမာပြည်က ဒီမိုကရေစီလိုလားသူတွေ ဒီနေ့တိုင်အောင် ဒီမိုကရေစီတိုက်ပွဲတွေကို မမေ့နိုင်သေးဘူးဆိုတာ ကျောင်းသားတွေရဲ့ အစွမ်းသတ္တိပေါ့ဗျာ။ ဒါတွေရဲရင့်ပြတ်သားတဲ့ လုပ်ဆောင်မှုတွေကို မြင်တွေ့ရတဲ့အတွက် အားတက်ပါတယ်။”

စာရွက်တွေတွေ့ကြရတဲ့အချိန်က မနက်စောစော ၆ နာရီလောက်မှာဖြစ်ပြီး နောက်ပိုင်း အာဏာပိုင်တွေက လိုက်ပြီးသိမ်းနေသလို ဘယ်သူတွေဖြန့်ခဲ့သလဲဆိုတာ လိုက်လံစုံစမ်းနေတယ်လို့ သိရပါတယ်။ ၆ ရက်၊ ၈ လ၊ ၈၈ နှစ်တုန်းက ပဲခူးကောလိပ်က ကျောင်းသားတွေက ကျားကြီးမောင်ဆိုတဲ့ကားနဲ့ မြို့ထဲကိုဆန္ဒပြဘို့ထွက်အလာ စာတိုက်ကြီးနားအရောက်မှာ စစ်တပ်က ပစ်ခတ်ခဲ့တဲ့အတွက် ကျောင်းသားလူငယ် ၈ ဦးသေခဲ့တယ်လို့ မြို့ခံတွေကပြောပါတယ်။

# တိုးချဲ့အက်ဖ်အမ်ရေဒီယို ၃ လိုင်းကို ဒီလ ၁၅ ရက်နေ့ စတင်ထုတ်လွှင့်မည်

**DVB ၊ ဩဂုတ် ၄ ။** ။မြန်မာနိုင်ငံအတွင်း နောက်ထပ် အက်ဖ်အမ်ရေဒီယို ၃ လိုင်းကို အခုလ ၁၅ ရက်နေ့မှာ စတင်ထုတ်လွှင့်ပေးတော့မယ်လို့ သိရပါတယ်။ ထုတ်လွှင့်ပေးမယ့် အက်ဖ်အမ်ရေဒီယိုလိုင်းသစ်တွေက ရွှေ၊ ချယ်ရီနဲ့ ပတ္တမြားစတဲ့ အက်ဖ်အမ်လိုင်းတွေဖြစ်ပြီး ဒီလ ၁၅ ရက်နေ့မှာ စတင်ထုတ်လွှင့်ပေးမှာလို့ မြန်မာနိုင်ငံဂီတအစည်းအရုံးရဲ့ တွဲဘက်အတွင်းရေးမှူးသီချင်းရေးဆရာမောင်သစ်မင်းက ပြောပါတယ်။

ရွှေအက်ဖ်အမ်လိုင်းကို ပဲခူးတိုင်းအခြေပြုပြီး ပဲခူးတိုင်း၊ တနင်္သာရီတိုင်းနဲ့ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ ချယ်ရီအက်ဖ်အမ်က ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်ကို ထုတ်လွှင့်မှာဖြစ်ပြီး ပတ္တမြားအက်ဖ်အမ်က မကွေးတိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းတို့ကို ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ ထုတ်လွှင့်မယ့် တိုးချဲ့ အက်ဖ်အမ်ရေဒီယို ၃ လိုင်းကို နအဖရဲ့ခွင့်ပြုချက်နဲ့ ပုဂ္ဂလိက ကုမ္ပဏီတွေက ဦးဆောင်ပြုလုပ်မှာလို့ မန္တလေးအက်ဖ်အမ်က ပရိုဂရမ် ဒါရိုက်တာဦးမျိုးက ပြောပါတယ်။

“ချယ်ရီအက်ဖ်အမ်က ရက်လင့် ကုမ္ပဏီကလုပ်တယ်၊ ရွှေအက်ဖ်အမ်ကို ရွှေသံလွင်ကုမ္ပဏီရယ်၊ နောက်တခုက ရွှေတောင်ကုမ္ပဏီက ရထားတာပါ။”

ပြီးခဲ့တဲ့ မတ်လကုန်ပိုင်းတုန်းက ပဥ္စဝတီအက်ဖ်အမ်ဆိုပြီး ရခိုင်ပြည်နယ် စစ်တွေမြို့မှာ ထုတ်လွှင့်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ မူပိုင်ခွင့် ဥပဒေမရှိသေးပေမယ့် ဖော်အဲဗားဂရုဖ်က ဦးစီးတဲ့ မန္တလေးအက်ဖ်အမ်က အနုပညာကြေး စတင်ချီးမြှင့်နေသလို ထပ်မံထုတ်လွှင့်မယ့် အက်ဖ်အမ်လိုင်းသစ်တွေက အနုပညာကြေးချီးမြှင့်ဖို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနဲ့ညှိနှိုင်းနေပါတယ်၊ အက်အမ်ရေဒီယို ထုတ်လွှင့်ခြင်းအားဖြင့် အနုပညာအသိုင်းအဝိုင်းအတွက် အကျိုးရှိစေတယ်လို့ မြန်မာနိုင်ငံဂီတအစည်းအရုံး တွဲဘက်အတွင်းရေးမှူး သီးချင်းရေးဆရာ မောင်သစ်မင်းက သူ့အမြင်ကို ပြောပါတယ်။

“ဒါက broadcasting ဘရော့ကာဒ်စတင်း စနစ်ခေတ်တခေတ်ကို အခုမှ ကျနော်တို့ မြန်မာနိုင်ငံကိုရောက်တယ်လို့ ပြောလို့ရတာပေါ့။ အရင်က နိုင်ငံတော်ပိုင် အသံလွှင့်ဌာနတွေကပဲ လုပ်ရှားတယ်၊ အခုကတော့ ပုဂ္ဂလိကနဲ့နိုင်ငံတော်က ဖက်စပ်သဘောမျိုးဖြစ်သွားတာပေါ့။ အဲလို ဖြစ်လာတဲ့အခါမှာ ပုဂ္ဂလိကရဲ့ပုံသဏ္ဍာန်လေးတွေ ပါလာတဲ့အခါမှာ မူပိုင်ခွင့်ပေးလာတဲ့ သဘောတွေဖြစ်လာတယ်။ ခံစားခွင့်တွေ ပေးလာတဲ့အတွက် အနုပညာရှင်တွေအနေနဲ့ လွတ်လွတ်လပ်လပ်နဲ့လုပ်ခွင့်လေးတွေ ပိုရလာသလို၊ ခံစားခွင့်တွေ ပိုရလာတယ်လို့ကျနော်တို့ မြင်ပါတယ်။”

အရင်တုန်းက ရန်ကုန်စီတီးအက်ဖ်အမ်နဲ့ မန္တလေးအက်ဖ်အမ်နှစ်ခုရှိပြီး တေးသီးချင်းတွေ၊ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်၊ အဆိုတော်တွေနဲ့ တွေ့ဆုံမေးမြန်းခန်းနဲ့ ကျန်းမာရေးပညာပေး၊ ဗဟုသုတတွေကို အဓိကထားထုတ်လွှင့်ပေးနေပါတယ်။ လူစိတ်ဝင်စားမှုများတဲ့အတွက် ကြော်ငြာတွေနဲ့ဝင်ငွေကောင်းတဲ့ အက်ဖ်အမ်ရေဒီယိုတွေဖြစ်လာပြီး နောက်ပိုင်းမှာ နေပြည်တော်ကလွှင့်တဲ့ ပိတောက်မြေအက်ဖ်အမ်လိုင်းကို တိုးချဲ့ထုတ်လွှင့်ခဲ့ပါတယ်။ ဒါကြောင့် အခုဆို ပြည်နယ်နဲ့တိုင်းစုစုပေါင်း အက်အမ်ရေဒီယို ၄ ခုထပ်မံတိုးချဲ့ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်။ စစ်အုပ်စုအနေနဲ့ အက်ဖ်အမ်ရေဒီယိုလိုင်းတွေတိုးချဲ့ထုတ်လွှင့်ဖို့ ဘာကြောင့်ခွင့်ပြုတယ်ဆိုတာ သဲသဲကွဲကွဲ မသိနိုင်သေးပေမယ့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ခွင့်ပြုခဲ့တာဖြစ်ပါတယ်။

# ကလေးစစ်သားကိစ္စ ကုလစုံစမ်းမည်

**DVB ၊ ဩဂုတ် ၅ ။** ။ ကလေးစစ်သားအသုံးပြုမှုတွေနဲ့ ပတ်သက်လို့ နာမည်ပျက် စာရင်းဝင်နေတဲ့ မြန်မာပြည်ကို ကုလသမဂ္ဂက စုံစမ်းစစ်ဆေးရေးအဖွဲ့ ပထမဆုံးအကြိမ် စေလွှတ်တော့မှာဖြစ်ပါတယ်။

ကလေးများအရေးနဲ့ လက်နက်ကိုင်ပဋိပက္ခရေးရာ ကုလသမဂ္ဂစုံစမ်းရေးအဖွဲ့ဟာ မြန်မာပြည်ကို မကြာမီသွားရောက်ပြီး စစ်အုပ်စုရော၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေကပါ ကျူးလွန်နေတဲ့ ကလေးစစ်သားစုဆောင်းမှုတွေကို လေ့လာစုံစမ်းမှာလို့ ကုလသမဂ္ဂက သတင်းထုတ်ပြန်ထားပါတယ်၊ ကလေးစစ်သားစုဆောင်းမှုတွေကို အဆုံးသတ်အောင် ဆောင်ရွက်မယ်လို့ ကတိပြုပေမယ့် ပျက်ကွက်တယ်လို့ နအဖစစ်အုပ်စုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက ဇွန်လအစီရင်ခံစာမှာ ပြစ်တင်ဝေဖန်ခဲ့ပါတယ်။ ကလေးများအရေးနဲ့ လက်နက်ကိုင်ပဋိပက္ခရေးရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရာဒီကာ ကူမာရာဆွာမိကတော့ “အာရှတိုက်က အစိုးရတွေရဲ့ ဆောင်ရွက်မှုတွေဟာ အပြုသဘော တိုးတက်မှုတွေရှိပါတယ်။ ဒါပေမယ့် ဘယ်လောက်အတိုင်းအတာအထိ တိုးတက်သလဲဆိုတာ မသိရသေးပါဘူး။ ဒါကြောင့် ဒီလကုန်မှာ မြန်မာပြည်ကို လေ့လာရေးအဖွဲ့တဖွဲ့စေလွှတ်မှာပါ”လို့ လုံခြုံရေးကောင်စီမှာ မနေ့ကပြောကြားပါတယ်။

ဒီအဖွဲ့ဟာ နအဖစစ်အုပ်စုနဲ့သာမက စစ်အုပ်စုနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့လည်း တွေ့ဆုံဆွေးနွေးမယ်လို့ ကူမာရာဆွာမိကပြောပါတယ်။ ကလေးစစ်သားအရေး နာမည်ပျက်စာရင်းဝင် နဖအဖစစ်တပ်တွေနဲ့ လက်နက်ကိုင်အဖွဲ့တွေကို အရေးယူဖို့ လုံခြုံရေးကောင်စီက မနေ့က ဆုံးဖြတ်ချက် ချခါနီးမှာ အဲဒီလို ပြောတာပါ။ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မှာ ကလေးစစ်သားစုဆောင်းမှုကိုတင်မက လက်နက်ကိုင်ပဋိပက္ခ အခြေအနေမှာ ကလေးတွေကို သတ်ဖြတ်မှု၊ ကိုယ်လက်အင်္ဂါချွတ်ယွင်းစေမှု၊ အဓမ္မပြုကျင့်မှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှုစတာတွေကိုပါ အရေးယူရမယ်လို့တောင်းဆိုပါတယ်။

# မြောက်ကိုရီးယားနဲ့ပူးပေါင်းမှု အမေရိကန်စိုးရိမ်

**DVB ၊ ဩဂုတ် ၄ ။** ။ နအဖစစ်အုပ်စုနဲ့ မြောက်ကိုရီးယားတို့ရဲ့ပူးပေါင်းမှုကို စိုးရိမ်ပူပန်တယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာနက ထပ်မံထုတ်ဖော်ပြောကြားပါတယ်။

လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဖိလစ်ခရိုလီက မနေ့က သတင်းစာရှင်းလင်းပွဲမှာ အခုလိုထုတ်ဖော်ပြောကြားတာပါ။ မြန်မာစစ်အုပ်စုက မြောက်ကိုရီးယားရဲ့ အကူအညီနဲ့ နျူကလီးယားထုတ်လုပ်ရေး တည်ဆောက်နေတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေတာနဲ့ပတ်သက်လို့ အမေရိကန်အစိုးရက အလေးထား အာရုံစိုက်နေတယ်လို့လည်း မစ္စတာခရိုလီကထုတ်ဖော်ပြောကြားပါတယ်။ မြန်မာစစ်အုပ်စုနဲ့ မြောက်ကိုရီးယားတို့ရဲ့ စစ်ရေးပူးပေါင်းဆောင်ရွက်မှုကိစ္စနဲ့ ပတ်သက်လို့ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာခရိုလီက အခုလိုပြောပါတယ်။...

“ဘယ်လို စစ်ရေးပူးပေါင်းဆောင်ရွက်မှုမျိုးလဲ ဆိုတာကို နအဖစစ်အုပ်စုနဲ့ရှင်းရှင်းလင်းလင်းဖြစ်အောင် ကျနော်တို့လုပ်ရမှာပါ။ မြောက်ကိုရီးယားကို ကုလသမဂ္ဂက အရေးယူထားတဲ့ကိစ္စကို လိုက်နာမယ်လို့ မြန်မာစစ်အုပ်စုက ပြောခဲ့တာကို နိုင်ငံခြားရေးဝန်ကြီးက အားတက်ခဲ့ပါတယ်”။

တရားမဝင် လက်နက်တွေတင်ဆောင်ထားတဲ့ မြောက်ကိုရီးယားသင်္ဘောတစင်း မြန်မာပြည်ဘက်ကို ဦးတည်နေပြီးမှ ပြန်လှည့်သွားခဲ့တယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့လည်း အဲဒီလို လှည့်ပြန်သွားတာဟာ နအဖစစ်အုပ်စုရဲ့ပူးပေါင်းဆောင်ရွက်မှုကြောင့် ဟုတ်မဟုတ် မသေချာပါဘူးလို့ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက ပြောသွားပါတယ်။

# အကျဉ်းသားတွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ စာရင်းကောက်နေပြီ

**DVB ၊ ဩဂုတ် ၃ ။** ။ ထောင်အသီးသီးက အကျဉ်းသားတွေကို စစ်အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ ပြင်ဆင်နေတယ်လို့ နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တချို့က ပြောပါတယ်။

အခုလဆန်းပိုင်းက ထောင်ဝင်စာတွေ့ ပြန်လာတဲ့ နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တွေက အခုလိုပြောပြပြီး၊ ထောင်အသီးသီးအလိုက် လွှတ်မယ့် အကျဉ်းသားတွေရဲ့ နာမည်စာရင်းတွေ ကောက်ထားတယ်လို့ ပြောပါတယ်။ ပဲခူးတိုင်း သာယာဝတီထောင်မှာ အကျဉ်းသား ၅၀ ကျော်ကို လွှတ်ပေးဖို့ရှိတယ်လို့ ထောင်ဝန်ထမ်း တချို့က ပြောပြကြောင်း အခုလ ၁ ရက်နေ့က သာယာဝတီထောင်ကို ထောင်ဝင်စာတွေ့ ပြန်လာတဲ့ တောင်ဥက္ကလာပမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင် ကိုဇော်ဇော်အောင်ရဲ့ ဇနီးက ပြောပါတယ်။

"အခုသူတို့ပြောတာကတော့ လွှတ်ပေးမယ့်လူတွေရဲ့ နာမည်တွေကို အထဲထဲမှာ ကပ်ထားတာ အယောက် ၅၂ ယောက်တဲ့။ အဲ့တော့ကျမ မေးကြည့်တယ် အယောက် ၅၀ ကျော် လွှတ်မယ်ဆိုရင် နာမည်ကြေညာထားတာ ဟုတ်သလားလို့ဆိုတော့ သူတို့က အယောက် ၅၀ ကျော်မက သူတို့မှာ ရှိတယ်တဲ့။ တကယ်လွှတ်လို့အယောက် ၅၀ ကျော်ပဲလွှတ်မယ်ဆိုလို့ရှိရင် သူတို့အပိုင်းကတော့ လက်မခံဘူးပေ့ါ အများကြီး ရှိသေးတယ်ပေ့ါ။ သူတို့အား လုံးလွှတ်ရင် အတူတူ လွှတ်ရမယ်ဆိုတဲ့သဘောပေ့ါ။ သူပြောတဲ့သဘောကတော့၊ အခုသူတို့အတွက် ရွေးထားတာတော့ ကျမက ယောကျ်ားကပါမှာပါ၊ သူက တကယ်လွှတ်ပြီဆိုရင် သူပါမှာပဲတဲ့ ဒါပေမယ့် သူလက်မခံနိုင်ဘူးတဲ့ အားလုံး အတူတူလွှတ်ရမှာပေ့ါ။ အခုလွှတ်မယ့်သူတွေကို ရွေးပြီးတော့ ကပ်ထားတာ၊ ဘယ်တော့ လွှတ်မလဲတော့မသိဘူး။ အဲ့လိုမျိုးလွှတ်ပေးဖို့ အယောက် ၅၀ ကျော်ကို နာမည်တွေအကုန်ကပ်ထားတယ်တဲ့။"

သာယာဝတီထောင်တွင်းမှာ နိုင်ငံရေးအကျဉ်းသား ၁၀၀ လောက်ရှိနေတယ်လို့လည်း ကိုဇော်ဇော်အောင်က ပြောပြကြောင်း ဇနီးဖြစ်သူက ပြောပါတယ်။ ကိုဇော်ဇော်အောင်ကို ပြီးခဲ့တဲ့ ၂၀၀၇ ဩဂုတ်က လောင်စာဆီကျဆင်းရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးအတွက် အဖွဲ့ချုပ်ရုံးရှေ့ ဆန္ဒပြစဉ် အာဏာပိုင်တွေက ဖမ်းဆီးခဲ့တာပါ။ တရားရုံးက ပုဒ်မ ၅၀၅–ခ နိုင်ငံတော် အကြည်အညိုပျက်စေမှုအပါအဝင် ပုဒ်မ ၃ခုနဲ့ စွဲချက်တင်ပြီး ထောင် ၄ နှစ်ခွဲ ကျနေတာဖြစ်ပါတယ်။ အကျဉ်းသားတွေကို လွှတ်ငြိမ်းချမ်းသာခွင့် ပေးမယ့်အကြောင်းကို စစ်ကိုင်းတိုင်း ကလေးထောင်မှာလည်း ကြားနေရတယ်လို့ မစုစုနွေးရဲ့အမ မဒွေးဒွေးကြည်က ပြောပါတယ်။ မစုစုနွေးကို ကလေးမြို့ကထောင်ကို ထောင်ဝင် စာသွားတွေ့စဉ် သိရခဲ့ရတာလို့ သူက ပြောပါတယ်။

"သူ့ကို လွှတ်ကောင်းလွှတ်လိမ့်မယ်လို့ ပြောတယ်။ သူ့ကို တယောက်ယောက်က အသိပေးထားလို့ နေမှာပေ့ါ။ ဒါပေမယ့်သိပ်တော့မပြောပါဘူး၊ ပြောပိုင်ခွင့်လည်း မရှိသေးဘူးတဲ့ ပြောလို့လည်း မရသေးဘူးလို့ ပြောပါတယ်။"

စစ်အုပ်စုက မနှစ်က ဖမ်းဆီးထောင်ချလိုက်တဲ့ မစုစုနွေးကတော့ ရှေ့နေဦးကြည်ဝင်းနဲ့ ဒေါ်ခင်ဒွေးကြွယ်တို့က အမှုအယူခံလျှောက်လဲခဲ့လို့ ရန်ကုန်တိုင်းတရားရုံးက ပြစ်ဒဏ်လျော့ပေ့ါလိုက်တဲ့ အတွက် အခု ထောင် ၈ နှစ် ကျဖို့ကျန်နေတာပါ။ သူဟာ အခုလောလောဆယ်ထောင်တွင်းမှာ ကျမ်းမာရေးမကောင်းဖြစ်နေပြီး၊ အောက်ခြေ ထောင်ဝန်ထမ်းတွေရဲ့ မတရားအနိုင်ကျင့်မှုကို ခံနေရလို့ စိတ်ထိခိုက်ပြီး သွေးပေါင်ချိန်ကျနေတယ်လို့ မစုစုနွေးရဲ့အမ မဒွေးဒွေးကြည်က ပြောပါတယ်။

---

# အဖွဲ့ချုပ်ဗဟိုကို ကူညီရန် ဒေါ်စုမှာကြား

**DVB ၊ ဩဂုတ် ၃ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီကို အဖွဲ့ဝင် ၆ ဦးနဲ့ ထပ်မံတိုးချဲ့ဖွဲ့စည်းဖို့ စီစဉ်ထားတယ်လို့ ကြားသိရတာနဲ့ပတ်သက်ပြီး အဖွဲ့ချုပ်ဗဟို ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ဒီကိစ္စမဟုတ်မှန်ကြောင်း ငြင်းဆိုပါတယ်။

အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီအတွင်း အသက်ကြီးပြီး ကျန်းမာရေးမကောင်းဖြစ်နေသူတွေ ရှိလာတဲ့အတွက် အဖွဲ့ချုပ်ဗဟို ပြန်ကြားရေးအဖွဲ့ဝင်တွေဖြစ်တဲ့ ဦးဉာဏ်ဝင်း၊ ဦးအုန်းကြိုင်၊ ဦးဟံသာမြင့်၊ ဦးဝင်းမြင့်၊ ဦးသိန်းဦး၊ ဒေါက်တာဝင်းနိုင်တို့ကို ကူညီပေးဖို့ ဒေါ်အောင်ဆန်းစုကြည်က မှာကြားတာဖြစ်တယ်လို့ အဖွဲ့ချုပ်ဗဟိုပြန်ကြားရေး အဖွဲ့ဝင် ဦးဉာဏ်ဝင်း က ပြောပါတယ်။

"တိုးချဲ့ဖွဲ့စည်းဖို့ အစီအစဉ်မရှိသေးပါဘူး။ အီးစီလူကြီးတွေက အသက်ရွယ်ကြီးပြီ။ သူတို့ရပ်တည်မှုကလည်း ကောင်းတယ်။ အဲတော့ သူတို့ကို ကူညီဖို့ လူ ဒီနာမည်တွေကို ဒေါ်အောင်ဆန်းစုကြည်က ကူညီပါလို့ဆိုပြီး ခိုင်းလိုက်တာပါ၊ ဖွဲ့ဖို့မဟုတ်ပါဘူး။"

ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် ၁၀ ဦးရှိပါတယ်။ အဲဒီ ၁၀ ဦးထဲ က ၅ ဦးလောက်သာ အဖွဲ့ချုပ် အခမ်းအနားတွေကို တက်ရောက်နိုင်ပြီး ဥက္ကဋ္ဌဦးအောင်ရွှေနဲ့ အတွင်းရေးမှူး ဦးလွင်တို့ကတော့ ကျန်းမာရေးမကောင်းဖြစ်နေတာ အတော်လေးကြာနေပြီ ဖြစ်ပါတယ်။ အဖွဲ့ချုပ်ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် ၁၀ ဦး ၁။ ဥက္ကဋ္ဌ ဦးအောင်ရွှေ ၂။ အတွင်းရေးမှူးဦးလွင် ၃။ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ၄။ ဦးလှဖေ ၅။ ဦးဝင်းတင် ၆။ ဦးခင်မောင်ဆွေ ၇။ ဦးစိုးမြင့် ၈။ ဦးလွန်းတင် ၉။ ဦးညွန့်ဝေ ၁၀။ ဦးသန်းထွန်းတို့ဖြစ်ပါတယ်။

---

## မြန်မာအစိုးရတောင်းဆိုချက်မွန်ပြည်သစ်ပါတီပယ်ချ

**BBC ၊ ဩဂုတ် ၃ ။** ။ နအဖစစ်အုပ်စုက သူတို့ရဲ့လက်နက်ကိုင်တပ်ဖွဲ့တွေ ပြင်ဆင်ဖွဲ့စည်းရေးနဲ့ပတ်သက်ပြီး အတင်းအကျပ်ဖိအားပေးလာမယ်ဆိုရင် အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားတဲ့အထိ အလျှော့မပေးဘဲ ဆက်လက်ရပ်တည်သွားမယ်လို့ မွန်ပြည်သစ်ပါတီဗဟိုကော်မတီ အရေးပေါ်အစည်းအဝေးက ဆုံးဖြတ်လိုက်ပါတယ်။

မွန်ပြည်သစ်ပါတီရဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကို နယ်ခြားစောင့်တပ်အသွင်ပြောင်းလဲဖို့ ဒါမှမဟုတ် ပြည်သူ့စစ်တပ်ဖွဲ့အသွင်ပြောင်းဖို့ နအဖအုပ်စု က တခြားလက်နက်ကိုင် အပစ်ခတ်ရပ်အဖွဲ့တွေနည်းတူ ဖိအားပေးနေတာဖြစ်ပါတယ်။ ဒ့ါအပြင် ၂၀၁၀ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ကိုလည်း နအဖကတိုက်တွန်းနေတာပါ။ မွန်ပြည်သစ်ပါတီအနေနဲ့က သူတို့ရဲ့တပ်တွေ ပြောင်းလဲဖွဲ့စည်းရေးကို ရွေးကောက်ပွဲပြီးမှ အာဏာရလာမယ့် အစိုးရသစ်နဲ့ဆွေးနွေးမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မွန်ပြည်သစ်ပါတီက လက်မခံတဲ့အတွက် ၂၀၁၀ ရွေးကောက်ပွဲမှာလည်း ဝင်ရောက်ယှဉ်ပြိုင်မှာမဟုတ်ဘူးလို့ဆိုပါတယ်။ အခုလို မွန်ပြည်သစ်ပါတီက ဆုံးဖြတ်လိုက်တဲ့အတွက် နအဖစစ်အုပ်စုနဲ့ဆက်ဆံရေး ပိုပြီးတင်းမာလာနိုင်ပါတယ်။ ဒါပေမယ့် မွန်ပြည်သစ်ပါတီဘက်ကတော့ စပြီးတိုက်မှာမဟုတ်ဘဲ သူတို့ကိုတိုက်လာမယ်ဆိုရင်လည်း ရင်ဆိုင်တိုက်ဖို့ထက် ပြောက်ကျားစစ်နဲ့ တုန့်ပြန်တိုက်ခိုက်မှာဖြစ်တယ်လို့ မွန်ပြည်သစ်ပါတီခေါင်းဆောင်တဦး က BBC သတင်းထောက်ကိုပြောပါတယ်။

နအဖစစ်အုပ်စုက ဖိအားပေးလာပြီးတဲ့နောက်မှာ မွန်ပြည်သစ်ပါတီဗဟိုကော်မတီ

အရေးပေါ်အစည်းအဝေးကို ရေးချောင်းဖျားမှာရှိတဲ့ မွန်ပြည်သစ်ပါတီဌာနချုပ်မှာ ဂျူလိုင်လ ၂၇ ရက်နေ့ကနေ ဩဂုတ်လ ၁ ရက်နေ့အထိ ကျင်းပခဲ့တာဖြစ်ပါတယ်။

# ရွှေကျင်ရေအားလျှပ်စစ်အထက်ပိုင်းက ကျေးရွာတွေ ရေကြီးမှုကြောင့် စိုးရိမ်ရ

**DVB | ဩဂုတ် ၃ ။** ။ မိုးသည်းထန်စွာ ရွာသွန်းတဲ့အတွက် ပဲခူးတိုင်းရှိ စစ်တောင်းမြစ်ရေနဲ့ ရွှေကျင်မြစ်ရေဟာ စိုးရိမ်ရေမှတ်ထက် နှစ်ပေကျော်မြင့်တက်လာတာကြောင့် ရွှေကျင်မြို့အပါအဝင် အနီးအနားက ကျေးရွာတချို့မှာ ရေလွှမ်းနေပါတယ်။

စစ်တောင်းမြစ်ရေနဲ့ ရွှေကျင်မြစ်ရေတက်မှုကြောင့် ရွှေကျင်မြို့နဲ့ အနီးတဝိုက်က ကျေးရွာတွေမှာ ရေကြီးနေပြီး နေထိုင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေ ကြုံတွေ့နေရပါတယ်။ အထူးသဖြင့် ရွှေကျင်ရေအားလျှပ်စစ်အထက်ပိုင်းမှာရှိတဲ့ ကျေးရွာတချို့မှာ ရေတက်တဲ့ပြဿနာ ပိုဆိုးနေတယ်လို့ မြို့ခံတဦးက ပြောပါတယ်။ ရွှေကျင်မြို့နယ်မှာ တရားဝင်ရော၊ တရားမဝင်ရောပါ ရွှေတွေတူးနေတာကြောင့် ရေလမ်းကြောင်းတွေလွဲပြီး ရေကြီးဒဏ်ကို ဆိုးဆိုးဝါးဝါး ခံနေရတာလို့ အဲဒီ မြို့ခံက ပြောပါတယ်။

"ရွှေကျင်ချောင်းက စစ်တောင်းမြစ်ထဲ စီးဝင်တာဆိုတော့ စစ်တောင်းမြစ် ရေတက်ရင် ရွှေကျင်ချောင်းလည်းရေတက်တယ်။ တောင်ပေါ်မှာ မိုးအရမ်းရွာတဲ့အပြင် ရွှေကျင်ရေအားလျှပ်စစ် ဆည်ရေရလို့ ရေတွေတောင့်ထားတယ်။ အဲ့တော့ ရေအားလျှပ်စစ်အောက်မှာရှိတဲ့ ရွှေကျင်မြို့ ရေတက်တာကတော့ သိပ်မထူးပေမယ့် ရေအားလျှပ်စစ်အထက်မှာရှိတဲ့ ရွှေကျင်မြို့နယ်က ကျေးရွာတချို့မှာ ဆိုးတယ်။ "

"ရေတိမ်ရေအားလျှပ်စစ်တည်တဲ့ ဆည်ရေတောင့်မှုကြောင့်၊ ရွှေကျင်ဝန်းကျင်မှာ တရားဝင်ရော၊ တရားမဝင်ပါ စည်းမဲ့ကမ်းမဲ့ ရွှေတူးနေကြတာကြောင့် သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးပြီး ရွှေတူးတဲ့မြေဇာတွေက ချောင်းတွေ ပေါ်ကုန်တတယ်။ တချို့ တောင်ကုန်းတွေ ဖဲ့ချတူးပစ်ပြီး ထွက်လာတဲ့မြေဇာတွေ တနေရာမှာ သွန်တာဆိုတော့ တောင်ကုန်းတွေ အနေအထားပြောင်းပြီး ရေစီးရေလာလမ်းကြောင်းတွေ ပြောင်းတာကြောင့် ကျေးရွာတချို့မှာ ဆိုးဆိုးရွားရွား ရေတက်တဲ့ ပြဿနာတွေ ဖြစ်ကုန်တာပါ။"

လောလောဆယ် ရွှေကျင်မြို့အဝင်နဲ့ ရွှေကျင်မြစ်ကမ်းနဘေးစတဲ့ အနိမ့်ပိုင်းဒေသတွေမှာ ရေဝင်နေပြီး တခြားအမြင့်ပိုင်းမှာ မတက်သေးဘူးလို့ ပြောပါတယ်။ ရေကြီးမှုကြောင့် နေထိုင်ဖို့အခက်အခဲနဲ့ သွားရေးလာရေးအခက်အခဲကြုံတွေ့နေရသလို ကျန်းမာရေးပိုင်းမှာလည်း စိုးရိမ်ရတယ်လို့ အဲဒီမြို့ခံက ပြောပါတယ်။

"ရွှေကျင်ကိုသွားတဲ့ တခုတည်းသောလမ်းက စစ်တောင်းတံတားဆင်းပြီး သွားရင် တဖာလုံလောက်ကနေစပြီး ကမ်းနားပေါ်မှာ ရေမြုပ်တော့ ရေတွေစီးရင် အောက်က လမ်းမကြီးနဲ့ ကတ္တရာတွေကွာပြီး ချိုင့်တွေဖြစ်တော့ ဆိုင်ကယ်တွေဆို မောင်းလို့မရဘူး။ မဖြစ်မနေသွားရင်လည်း အဲဒီချိုင့်တွေထဲကျပြီး ပျက်စီးတာတွေဖြစ်ကုန်တာပေ့ါ။ ရေတက်တယ်ဆိုတော့ သောက်ရေကအစ ခက်ခဲတယ်၊ အဲဒီတော့ ဝမ်းအတွက်လည်း စိုးရိမ်ရတယ်၊ မိုးအဆက်မပြတ်ရွာနေလို့ ရေတက်တဲ့အတွက် အောက်ပိုင်းရေစိုတော့ ဖျားနာတာတွေ၊ အအေးမိ တုပ်ကွေးတွေ တော်တော်လေးဖြစ်တယ်။"

စစ်တောင်းမြစ်ရေဟာ မဒေါက်မြို့မှာ စိုးရိမ်ရေမှတ်ထက် ၂၆ စင်တီမီတာလောက် ကျော်လွန်နေပြီး နောက်ထပ် ၄၈ နာရီအတွင်းမှာ အဲဒီမြို့ရဲ့ စိုးရိမ်ရေမှတ်ဟာ စင်တီမီတာ ၁,၀၇၀ အထက် ဆက်လက်တည်ရှိနိုင်တယ်လို့ ဒီနေ့ထုတ် မြန်မာအလင်းသတင်းစာမှာ ရေးသားထားပါတယ်၊ အလားတူ ရွှေကျင်မြစ်ရေဟာလည်း ရွှေကျင်မြို့မှာ စိုးရိမ်ရေမှတ်ထက် ၆၉ စင်တီမီတာ ကျော်လွန်နေတဲ့အတွက် နောက် ၂၄ နာရီအတွင်း အဲဒီမြို့ရဲ့ စိုးရိမ်ရေမှတ် ၇၀၀ အထက် ဆက်လက်တည်ရှိနိုင်တယ်လို့ ဖော်ပြထားပါတယ်။

မြစ်ရေတက်ပြီး မြို့ထဲအထိ ရေဝင်နေတာ သုံးရက်လောက်ရှိပြီလို့ ရွှေကျင်မြို့ခံတဦးက ပြောပါတယ်။ ရခိုင်ပြည်နယ် သံတွဲမြို့မှာလည်း မိုးသည်းတဲ့အတွက် ပြီးခဲ့တဲ့ကြာသပတေးနေ့က မြို့တွင်း အနိမ့်ပိုင်းရပ်ကွက်တွေမှာ ရေသုံးလေးပေခန့် တက်ခဲ့ပေမယ့် အခုရေပြန်ကျသွားပြီလို့ မြို့ခံတဦးက ပြောပါတယ်။

"ကြာသပတေးနေ့ညကနေ သောကြာ၊ စနေနေ့၊ တနင်္ဂနွေနေ့ နေ့လည်ပိုင်းကျမှပဲ ရေကပြန်ဆင်းသွားတယ် ၃၊ ၄ ပေလောက်တော့ ရှိမယ်။ အဲဒီက ကူးလာတဲ့ လူတွေက ရင်ဘတ်၊ ခါးလောက်ရှိတယ်လို့ပြောကြ တယ်။" ၂၀၀၇ ခုနှစ်တုန်းက သံတွဲမြို့ တမြို့လုံး ရေကြီးခဲ့တယ်လို့ အဲဒီမြို့ခံက ပြောပါတယ်။

# သေဆုံးသူအလောင်းအတွက် စွမ်းအားရှင်ခေါင်းဆောင် အဓမ္မငွေညှစ်တောင်း

**DVB | ဩဂုတ် ၃ ။** ။ ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ်မှာ ရေနစ်သေဆုံးတဲ့ လယ်သမားတဦးကို စွမ်းအားရှင်ခေါင်းဆောင်က သေဆုံးမှုကို စစ်ဆေးခ၊ သယ်ယူခနဲ့ ခါတ်ပုံခဆိုပြီး ကျသင့်ငွေထက် ပိုမိုတောင်းခံတဲ့အတွက် မိသားစုဝင်တွေ ဒုက္ခရောက်နေပါတယ်။

ရန်ကုန်တိုင်းသုံးခွမြို့နယ် အမှတ် ၁ ရပ်ကွက်နေ ဦးခင်မောင်ဦးအသက် ၃၇ နှစ်ဟာ လယ်ထဲဆင်းဖို့ကန်သင်းရိုးတွေဖြတ်ရင်း ပြီးခဲ့တဲ့လ ၂၄ ရက်နေ့က ရေနစ်သေဆုံးခဲ့ပါတယ်။ သူသေဆုံးမှုနဲ့ပတ်သက်ပြီး ကြက်ခြေနီနဲ့ စွမ်းအားရှင်ခေါင်းဆောင် ထွန်းအောင်ကျော်က ရဲတယောက်နဲ့လာပြီး ခါတ်ပုံရိုက်ပါတယ်။ ခါတ်ပုံရိုက်ခဆိုပြီး ငွေသုံးသောင်း တောင်းယူခဲ့တဲ့အပြင် ရင်ခွဲရုံမှာ ခွဲစိတ်ခဆိုပြီး တသောင်း ထပ်မံတောင်းခံခဲ့ပါတယ်။ ဒါ့အပြင် အလောင်းကိုသယ်ဖို့ ဆိုက်ကားခဆိုပြီး ငွေတသောင်း ထပ်တောင်းယူခဲ့တယ်လို့ မိသားစုဝင်နဲ့ နီးစပ်တဦးက ပြောပါတယ်။

"သုံးသောင်းတောင်းတော့ အဲဒီသုံးသောင်းတော့မရှိတော့ နှစ်သောင်းလောက်ပေးဆိုပြီး အတင်းအဓမ္မတောင်းလို့ပေးလိုက်ရတယ်၊ ရင်ခွဲရုံရောက်တော့လည်း ရင်ခွဲရုံမှာ ဗိုက်ခွဲခဆိုပြီးတော့ တသောင်းတောင်းလို့ ၈ ထောင်ပဲပေးလိုက်ရတယ်။ အလောင်းကိုသယ်ဖို့ ဆေးရုံနဲ့ သေတဲ့နေရာက မိုင်တာ ၈ ရာလောက်ပဲရှိတာကို တသောင်းတောင်းတယ်။ သယ်ယူစရိတ်စကတွေလည်း စွမ်းအားရှင်ခေါင်းဆောင်ဖြစ်တဲ့ ထွန်းအောင်ကျော် တောင်းခိုင်းလို့ဆိုပြီး ဆိုက်ကားသမားကို ပေးရတယ်။"

တနေ့လုပ်မှ တနေ့စားရတဲ့ ဦးခင်မောင်ဦးရဲ့ မိသားစုမှာ တောင်းတဲ့ငွေကို မဆပ်နိုင်လို့အမျိုးမျိုးတောင်းပန်ပေမယ့် မရတဲ့အဆုံး ရှိတဲ့အိမ်ကို ၆ သောင်းနဲ့ ပေါင်ပြီး ပေးလိုက်ရတယ်လို့ တူဖြစ်သူ ကိုညီညီဇော်က ပြောပါတယ်။

"အဒေ့ါမှာ မရှိတာကို သူတို့တွေက လည်ပင်းညှစ်ပြီး တောင်းနေတဲ့ပုံစံမျိုးဖြစ်နေတယ်။ အဒေါ်က သူများခြံမှာ ဌားနေရတာ။ ကျနော်တို့က အမျိုးမျိုးတောင်းပန်တာ တောင်းပန်လို့မရဘူး။ အဆင်ပြေတဲ့တနေ့ ပေးမယ်ပြောလည်းမရဘူး။ နောက်ဆုံး သူများခြံကိုဌားပြီး အိမ်လုံးချင်း ဆောက်ထားတာကို သွားအပေါင်ခံတာ ၆ သောင်းပဲရတယ်။ သူတို့ကို ၃ သောင်းပေးလိုက်တယ်။"

ဒီကိစ္စနဲ့ ပတ်သက်ပြီး အဲဒီအနီးအနားတဝိုက်က ဒေသခံတွေလည်း မကျေမနပ်ဖြစ်နေကြတယ်လို့ ပြောပါတယ်။ ဦးခင်မောင်ဦးမှာ ဇနီးမမြင့်စိန်နဲ့ သူငယ်တန်းအရွယ် ကလေးတယောက်ရှိပါတယ်။ ယောကျ်ားဖြစ်သူ သေဆုံးသွားလို့ ဒုက္ခရောက်ရတဲ့အပြင် အိမ်ပါပေါင်ပြီး ပေးရတဲ့အတွက်ပိုပြီး ဒုက္ခရောက်နေတယ်လို့ တူဖြစ်သူ ကိုညီညီဇော်က ပြောပါတယ်။ လူလူချင်း ကိုယ်ချင်းစာစိတ်မရှိဘူး။ မရှိတာကို သိရဲ့သားနဲ့အတင်းအဓမ္မတောင်းတယ်။"

ဒီလို လူစိတ်မရှိတဲ့ စွမ်းအားရှင်ခေါင်းဆောင်ဖြစ်တဲ့ ထွန်းအောင်ကျော်ကို အရေးယူဆောင်ရွက်ပေးဖို့၊ ရဲတိုင်ဖို့စီစဉ်နေတယ် လို့လည်း ကိုညီညီဇော် ကပြောပါတယ်။

# ဒေါ်စုနှင့် ရှေ့နေများ အဖွဲ့တွေ့ခွင့်ရ

**DVB ၊ ဩဂုတ် ၆ ။** ။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက လွှတ်ပေးဖို့တောင်းဆိုနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို သူ့ရှေ့နေအဖွဲ့က ၂ နာရီခွဲကြာ တွေ့ခွင့်ရတယ်လို့ သိရပါတယ်။

အင်းစိန်ထောင်မှာပြုလုပ်တဲ့ ရှေ့နေ ၄ ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံမှုဟာ ၁၁ ရက်နေ့ ရုံးချိန်းကိစ္စ၊ တခြားကိစ္စတွေနဲ့ ဘာမှမဆိုင်ဘဲ နေအိမ်အမွေကိစ္စသက်သက်သာဖြစ်တယ်လို့ ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"၂ နာရီကနေ ၄ နာရီခွဲထိ တွေ့တယ်။ တွေ့ဖို့ စာတင်ကတည်းကိုက ခြံမြေကိစ္စ ဆွေးနွေးဖို့ ဆိုတော့ အဲဒီကိစ္စပဲ အဓိက ဆွေးနွေးပါတယ်။ တခြားကိစ္စ မပြောဖြစ်ပါဘူး။ ကျန်းမာရေးက ကောင်းမွန်ပါတယ်။ အရင်အတိုင်းပဲ ဖျတ်ဖျတ်လတ်လတ်ပါပဲ။"

ဒေါ်အောင်ဆန်းစုကြည်နဲ့အဖွဲ့ ကျန်းကျန်းမာမာရှိပေမယ့် သူတို့နဲ့အမှုတွဲတခုတည်း ဖြစ်တဲ့ မစ္စတာယက်ထော ဆေးရုံတင်ထားရလို့ ၁၁ ရက်နေ့ ရုံးချိန်းထပ်ရွှေ့ဖွယ်ရှိ မရှိဆိုတာနဲ့ ပတ်သက်ပြီး သူတို့ ဘာမှမသိသေးတဲ့အတွက် တရားရုံးဆုံးဖြတ်ချက်အတိုင်း ဖြစ်လိမ့်မယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းနဲ့ နိုင်ငံတကာအသိုင်းအဝန်းက ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ ထပ်တလဲလဲတောင်းဆိုနေမှုအပေါ်"ကျနော်တို့ ပြောနိုင်တာက ဆောင်ရွက်သင့်တာကို ဆောင်ရွက်တဲ့အတွက်ကြိုဆိုပါတယ်" လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ အမွေရင်ဆိုင်နေရတဲ့ တက္ကသိုလ်ရိပ်သာလမ်းက ဒေါ်အောင်ဆန်းစုကြည် နေအိမ်ဝန်းကျင်မှာ ဒီညနေပိုင်းက စပြီး လက်နက်ကိုင်လုံခြုံရေးတွေ ပြန်ချထားတာတွေ့ရတယ်လို့ ပါတီဝင်တဦးက ပြောပါတယ်။ တချို့သတင်းရပ်ကွက်တွေရဲ့ အဆိုအရ တက္ကသိုလ်ရိပ်သာလမ်းကိုတောင် ပြန်ပိတ်ထားလိုက်ပြီလို့ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်ကနေ အင်းစိန်ထောင်ကိုပို့တဲ့ မေလ လယ်ကတည်းက ရုပ်သိမ်းထားတဲ့ လုံခြုံရေးတွေ ဒီနေ့ ထူးထူးခြားခြားပြန်ရောက်လာတာ ဖြစ်ပါတယ်။ ဒါပေမယ့် လုံခြုံရေးတိုးတာဟာ ၈ လေးလုံး အရေးတော်ပုံ နှစ်ပတ်လည်နီးလို့လား၊ ဒါမှမဟုတ် ဒေါ်အောင်ဆန်းစုကြည်ကို ဒီအိမ်ဆီအကျယ်ချုပ်နဲ့ပြန်ပို့မယ့် သဘောလားဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။ ဦးဉာဏ်ဝင်းကတော့ လုံခြုံရေးတိုးတဲ့ သတင်းမျိုးကြားထားရပေမယ့် အတိအကျ ဘာမှ မသိသေးဘူးလို့ ပြောပါတယ်။

# မြန်မာ့ဒီမိုကရေစီရေး နီပေါအားပေး

**DVB ၊ ဩဂုတ် ၆ ။** ။ မြန်မာပြည်မှာရှိတဲ့ နီပေါလီ ဂေါ်ရခါးအနွယ်တွေ အနေနဲ့ မြန်မာပြည်သူတွေနဲ့အတူ ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်ကြဖို့ နီပေါလ်နိုင်ငံရှိ ပြည်သူ့အခွင့်အရေး ဖိုရမ်ပါတီခေါင်းဆောင်က တိုက်တွန်းလိုက်ပါတယ်။

နီပေါလ်ပြည်သူ့အခွင့်အရေးဖိုရမ်ပါတီ MPRF ဟာ နီပေါလ်နိုင်ငံမှာ အကြီးဆုံးပါတီ မဟုတ်ပေမယ့် လက်ရှိညွန့်ပေါင်းအစိုးရထဲမှာ အရေးပါတဲ့ပါတီဖြစ်ပြီး မြန်မာ့ဒီမိုကရေစီအရေးအတွက် နီပေါလ်နိုင်ငံကနေ အတက်ကြွဆုံး ထောက်ခံလှုပ်ရှားနေတဲ့ ပါတီလည်းဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပါတီခေါင်းဆောင် လွှတ်တော်အမတ် ချန်ဒရီကာပရာဆပ်ယာဒက်က ပြောပါတယ်။

"ကျနော်တို့က နီပေါမှာ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ခဲ့သလို မြန်မာပြည်ဖွား နီပါလီဂေါ်ရခါးလူမျိုးတွေအနေနဲ့ မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် မြန်မာလူမျိုးတွေနဲ့အတူတကွ တိုက်ပွဲဝင်ကြပါ။ မကြာခင်မှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးရမှာ အသေအချာပါ။"

ချန်ဒရီကာ ပရာဆပ်ယာဒက်က တောင်အာရှနိုင်ငံများအဖွဲ့ ဆာ့ချ်မှာ မြန်မာနိုင်ငံလေ့လာသူ အဆင့်ရထားတဲ့အတွက် လာမယ့်ညီလာခံမှာ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဒီမိုကရေစီရေးအတွက် ဖိအားပေးပြောဆိုမယ်လို့ပြောပါတယ်။

"တောင်အာရှနိုင်ငံများ အစည်းအဝေးဆာ့ချ်မှာ နီပေါလ်ကိုယ်စားလှယ်တွေအနေနဲ့ မြန်မာကိုယ်စားလှယ်တွေကို ဆွေးနွေးပြောဆိုမှာပါ။ ဆာ့ချ် ဆွေးနွေးပွဲမစမီ နီပေါလ်အစိုးရအနေနဲ့ မြန်မာ့ဒီမိုကရေစီအရေးအတွက် ဆာချ်ညီလာခံမှာ ဆွေးနွေးဖို့ ပြောဆိုမှာပါ။ နီပေါလ်ကိုယ်စားလှယ်တွေက မြန်မာကိုယ်စားလှယ်တွေကို တိုက်ရိုက် ဖိအားပေးလိမ့်မယ်လို့ ကျနော်တို့ မျှော်လင့်ပါတယ်။"

နီပေါလ်မှာ အင်အားအကြီးဆုံးဖြစ်နေတဲ့ ကွန်မြူနစ်ပါတီ ၂ ခုစလုံးက မြန်မာဒီမိုကရေစီအရေးကို အတက်ကြွဆုံးထောက်ခံပြီး နောက်ပိုင်းမှာလည်း သူတို့နဲ့နီးစပ်တဲ့ တရုတ်နိုင်ငံကြောင့် သဘောထားပြောင်းလဲမှာ မဟုတ်ကြောင်း ချန်ဒရီကာပရာဆပ်ယာဒက်က ပြောပါတယ်။ နီပေါကွန်မြူနစ်ပါတီဟာ နီပေါလ်မှာအင်အားအတောင့်ဆုံးဖြစ်သလို ဒီမိုကရေစီကျင့်စဉ်မှာလည်း အင်အားအကောင်းဆုံး ဖြစ်ပါတယ်။ နီပေါလ်ကွန်မြူနစ်တွေကိုယ်တိုင်က ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ခဲ့ရတာကြောင့် မြန်မာ့ဒီမိုကရေစီရေးအတွက် သဘောထားပြောင်းလဲမသွားနိုင်ပါဘူးလို့ ပြောပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးရန် ရှေ့နေများ တွေ့ခွင့်တောင်း

**DVB ၊ ဩဂုတ် ၃ ။** ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ လာမယ့် ကြာသပတေးနေ့မှာ တွေ့ခွင့်ရဖို့ ဒီနေ့စာတင်ခဲ့တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဥပဒေအကျိုးဆောင်တဦးဖြစ်တဲ့ ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းထဲက ခြံမြေအစိတ်ပိုင်းတချို့ ရောင်းချခံရမှုနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ တွေ့ခွင့်တောင်းတာလို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။ နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှုနဲ့အင်းစိန်ထောင်တွင်း ဒေါ်အောင်ဆန်းစုကြည် အမှုရင်ဆိုင်နေရချိန်မှာ သူနေထိုင်တဲ့ ခြံဝင်းထဲက ခြံမြေတချို့ရောင်းချခံရပြီး ၇ ရက်အတွင်း ကန့်ကွက်နိုင်တယ်ဆိုတဲ့ ကြော်ငြာတခု ပြီးခဲ့တဲ့ ဇူလိုင်လ ၂၄ ရက်နေ့က ကြေးမုံသတင်းစာမှာပါရှိခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတွေက ကန့်ကွက်ခဲ့ပြီးဖြစ်သလို အဲဒီကိစ္စ ဆက်လက်ဆောင်ရွက်ဖို့ တွေ့ခွင့်တောင်းတာဖြစ်တယ်လို့ ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။

"ဒီနေ့ စာတင်တဲ့ကိစ္စက ၂၄ ရက်နေ့တုန်းက ဒေါ်စုခြံဝန်းထဲက အစိတ်ပိုင်းတခုကို ဦးခင်မောင်အေးဆိုတဲ့လူက ရောင်းတယ်။ ဝယ်တဲ့လူက နာမည်မပါဘူး။ စရံပေးထားပြီးပြီ၊ ကန့်ကွက်ချင်တာရှိရင် ကန့်ကွက်ဖို့ဆိုတော့ အဲဒါနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်ဆီက ကိုယ်စားလှယ်လွှဲစာရော၊ စာရွက်စာတမ်းတွေဘယ်မှာရှိမလဲဆိုတာရော၊ နောက်တခုက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ညွှန်ကြားမှုယူဖို့ တွေ့ခွင့်ပေးပါဆိုပြီး ကျနော်တို့ စာတင်ထားပါတယ်။"

ခြံမြေရောင်းချသူ ဦးခင်မောင်အေးဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ မောင်နှမ တဝမ်းကွဲ တော်စပ်သူဖြစ်ပါတယ်။ ဒီခြံဝင်းဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့မိခင်ဒေါ်ခင်ကြည် ပိုင်ဆိုင်တာဖြစ်ပြီး ဦးခင်မောင်အေးအနေနဲ့ရောင်းချခွင့်မရှိဘူးလို့လည်း ရှေ့နေတွေက ပြောပါတယ်။ ခြံမြေရောင်းချမှုကို ဒေါ်အောင်ဆန်းစုကြည်ဘက်က ကန့်ကွက်ခဲ့သလို ဦးခင်မောင်အေးရဲ့ပထမဇနီးကလည်း ကန့်ကွက်ခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် အင်းစိန်ထောင်တွင်း အမှုရင်ဆိုင်နေရတဲ့ အချိန်မှာမှ ခုလို ခြံမြေရောင်းချတဲ့ကိစ္စဖြစ်လာတဲ့အပေါ် သူရဲ့ရှေ့နေတွေက အချိန်ကိုက်နေမှုအတွက် ပယောဂတခုခုများပါနေသလားဆိုပြီး သံသယ ရှိနေတယ်လို့ ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့အစ်ကို ဦးအောင်ဆန်းဦးကလည်း နေအိမ်ပိုင်ဆိုင်မှုနဲ့ ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၀ ခုနှစ်ကတည်းက တရားစွဲဆိုထားပြီး အဲဒီအမှုဟာလည်း အခုအချိန်အထိ မပြီးပြတ်သေးပါဘူး။

# ပင်လယ်ကွေ့ဒေသနှင့် မြန်မာ့အရေး ကမ္ဘာ့အရေး

**ယခင်ပတ်မှအဆက်**

**ခင်မမမျိုး**

အာဏာရှင်စနစ်ဆိုးဒဏ်ကို ပြည်သူတွေခံနေကြရပါလားဆိုပြီး ကိုယ်ချင်းစာစိတ်နဲ့ သူတို့နိုင်ငံတပ်တွေကို အထိအခိုက်ခံပြီး သူတို့ကိုမဲပေးရွေးချယ်ထားတဲ့ ပြည်သူလူထုက ကန့်ကွက်မှာကိုဆန့်ကျင်ပြီး ကုလသမဂ္ဂရဲ့အားနည်းချက်တွေကို ကျော်လွှားနိုင်ပြီး မြန်မာ့မြေပေါ်ကို အမေရိကန်စစ်တပ်ရောက်လာဘို့ဆိုတာကတော့ အတော့်ကိုရှားရှားပါးပါး ဖြစ်နိုင်ချေဘဲဖြစ်ပါတယ်။

ဒီလိုဆိုလို့ နိုင်ငံတကာကမြန်မာပြည်ကို စစ်အင်အားသုံးပြီး ဝင်ရောက်ကူညီဖြေရှင်းမှာမဟုတ်ဘူးဆိုတာနဲ့ပတ်သက်ပြီး အာဏာရှင်ကို လုပ်ချင်တာလုပ်ခွင့်ရအောင် မြှောက်ပေးနေတာလား၊ လူတွေရဲ့မျှော်လင့်ချက်ကို ရိုက်ချိုးနေတာလားလို့ မေးစရာရှိလာပါတယ်။ အာဏာရှင်ဆိုတာက လက်တွေ့မှာ နိုင်ငံတကာနဲ့သံတမန်ကြောင်းအရ ဆက်ဆံနေသူတွေဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အားနည်းချက်တွေ၊ နိုင်ငံခြားရေးမူဝါဒတွေ၊ မဟာဗျူဟာတွက်ကိန်းတွေကို ကျမတို့အတိုက်အခံတွေထက်ပိုပြီး သိနားလည်နိုင်ပါတယ်။

ဒါကြောင့်လည်း နိုင်ငံတကာဖိအားဆိုတာတွေကို ဂရုမစိုက်ဘဲ ထင်ရာစိုင်းနေခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံတကာရဲ့ ပြစ်တင်ဝေဖန်မှုတွေ၊ စတိတ်မဲင့်တွေ၊ လာရောက်ဆွေးနွေးပြောဆိုမှုတွေ၊ နားချတိုက်တွန်းမှုတွေဆိုတာက သူတို့အတွက် ကစားစရာလေးတွေတောင် ဖြစ်နေပါသေးတယ်။ နိုင်ငံတကာလှုပ်ရှားမှုဆိုတာတွေကိုဘဲ အာရုံစိုက်နေသရွေ့ သူတို့အတွက်က မျက်ဖြူဆိုက်လေ ဆရာကြိုက်လေပါဘဲ။

လူတွေရဲ့မျှော်လင့်ချက်ကို ရိုက်ချိုးနေတာလား ဆိုတာနဲ့ပတ်သက်ပြီးကတော့ ဥပမာအားဖြင့်ဆိုရရင် လူရမ်းကားတထောင်လောက်ဟာ လက်နက်အင်အားသုံးပြီး လူတသိန်းလောက်ကို သံတိုင်တွေနဲ့ကာရံထားတဲ့အချုပ်ထဲမှာ ဖမ်းဆီးပိတ်လှောင်ထားတယ်ဆိုပါစို့။ လူရမ်းကားတွေဖြစ်တာကြောင့် နေ့စဉ်နဲ့အမျှ လူတွေကိုလည်းနှိပ်စက်မယ်၊ အစာရေစာမကျွေးဘဲ အငတ်ထားမယ်၊ ရောဂါဘယတွေလည်း တစတစထူပြောနေမယ်။

ဒီလိုအခါမျိုးမှာ ဒီသံတိုင်ရဲ့ပြင်ပ လုံခြုံရာနေရာမှာရောက်နေတဲ့သူတွေက ဘာတွေကိုလုပ်သင့်ကြသလဲ။ သံတိုင်ထဲကလူတွေနဲ့ ဆက်ဆံရေးစနစ်တည်ဆောက်ရမယ်။ သံတိုင်ထဲကလူတွေကို ညီညီညွတ်ညွတ်နဲ့ ပိတ်လှောင်ခံရတဲ့ဘဝကနေ လွတ်မြောက်နည်းတွေကို ဆွေးနွေးကြဘို့တိုက်တွန်းရမယ်။ ဒီသံတိုင်တွေကို ဘယ်လိုနည်းနဲ့ချိုးပြစ်နိုင်မလဲဆိုတာ စဉ်းစားရမယ်။ မချိုးနိုင်ရင်တောင် လူအားနဲ့ ကွေးပြစ်နိုင်မလား တွေးကြရမယ်။

လူရမ်းကားတွေကို တဖြည်းဖြည်းချင်း ဖဲ့ထုတ်စည်းရုံးရမယ်။ အစာရေစာငတ်နေသူတွေကို လက်ငင်းမှာဘယ်လိုကူညီနိုင်မလဲဆိုတဲ့ နည်းလမ်းတွေရှာရမယ်။ လူထုအားနဲ့စုပေါင်းပြီး သံတိုင်တွေကိုချိုးပြစ်နိုင်မယ့်အချိန်၊ လူရမ်းကားတချို့ထဲကဖဲ့ထုတ်စည်းရုံးထားသူတွေက လူတွေနဲ့ပူးပေါင်းနိုင်မယ့်အချိန်၊ အပြင်ကလူတွေကို ကိုယ့်လူကိုယ်စုပြီး သွားရောက်ကူညီပေးနိုင်မယ့်အချိန်၊ ဒါတွေကို ဟန်ချက်ညီ တပြေးညီပေါ်ထွက်လာဘို့ ကြိုးစားကြရမယ်။

ဒါဟာ အဒီလိုအခြေအနေမှာ လူအများလုပ်သင့်တဲ့ လုပ်ဆောင်နည်းတွေပါဘဲ။ အဲလိုမဟုတ်ဘဲ အပြင်ကနေထိုင်ပြီး သံတိုင်ထဲကလူတွေကို အင်အားကြီးမားတဲ့ ဂေါ်ဇီလာကြီးတွေကိုခေါ်ထားတယ်။ အဲဒီဂေါ်ဇီလာကြီးတွေက သံတိုင်တွေကိုချိုးပြီး လူတွေကိုကယ်ထုတ်မှာ၊ အခုတော့ ဂေါ်ဇီလာကြီးတွေအိပ်နေလို့ သူတို့ကိုနည်းမျိုးစုံနဲ့ ဝိုင်းနှိုးဘို့ ကြိုးစားနေပါတယ်လို့ပြောနေကြရင်တော့ ဒါဟာ မျှော်လင့်ချက်ပေးရာမရောက်ဘဲ သံတိုင်ထဲကလူတွေကို မျှော်ရင်းမျှော်ရင်း အင်အားချည့်နဲ့နေအောင်လုပ်နေတာနဲ့ အတူတူဘဲဖြစ်ပါတယ်။

နောက်တချက်က ဒီလို အမေရိကန်၊ ဥရောပ နိုင်ငံတကာကင်ပိန်းတွေက သုံးတတ်ရင်ဆေးဖြစ်ပေမယ့် တန်ဆေး လွန်ဘေး ဖြစ်တတ်တာရှိပါတယ်။ အဓိကကတော့ အသုံးမတတ်ရင် အာဏာရှင်လက်နက်ဖြစ်သွားစေတတ်လို့ပါဘဲ။ မြန်မာပြည်ရဲ့ပကတိအခြေအနေမှန်မှာက နိုင်ငံတော်လုံခြုံရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို စောင့်ရှောက်ရမယ့်တပ်မတော်က နိုင်ငံတော်လုံခြုံရေးကို ပြန်လည်ထိခိုက်နေပြီး ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ခြိမ်းခြောက်လာတာ ဖြစ်ပါတယ်။

ဒါကလည်း တပ်မတော်တရပ်လုံးကြောင့် မဟုတ်ပါဘူး။ အာဏာရှင်တစုကြောင့်ဖြစ်ပါတယ်။ ဒီတော့ အာဏာရှင်တွေက အမှန်တရားကို တပ်မတော်သားတွေမတွေ့မြင်ဘဲ သူတို့ပေးတဲ့အမိန့်ကို နာခံလာအောင်လုပ်ဘို့က နံပါတ် ၁ အရေးကြီးပါတယ်။ သူတို့ရဲ့ပါဝါတည်တန့်ခိုင်မြဲရေးဆိုတာက စစ်တပ်နဲ့တခြားဒေါက်တိုင်အဖွဲ့အစည်းတွေက ထောက် မ ပေးမှဖြစ်နိုင်ပါတယ်။ အမိန့်ပေးမှုဆိုတာလေးနဲ့တင် မလုံလောက်ပါဘူး။

နိုင်ငံတော်တော်များများမှာ လူထုနဲ့ပူးပေါင်းသွားတဲ့ တပ်မတော်သားတွေ အများအပြား ရှိခဲ့ဘူးပါတယ်။ ဒီတော့ ဒီလိုစစ်တပ်နဲ့တခြားဒေါက်တိုင်တွေ သူတို့အမိန့်ကိုဘဲနာခံနေအောင် ထောက် မ ပေးနေအောင် ဘာတွေလုပ်သင့်ပါသလဲ။ စိတ်ပညာရှုထောင့်ကကြည့်မယ်ဆိုရင်တော့ လူတွေဆိုတာ ရန်သူတစုံတရာရှိနေတယ်လို့ ထင်မြင်နေရင် အလိုလိုစည်းရုံးလာတတ်ပါတယ်။ ခေါင်းဆောင်ရှာတတ်လာပါတယ်။ ခေါင်းဆောင်ရဲ့အမိန့်ကို လိုက်နာလာတတ်ပါတယ်။

အန္တရာယ်ကျရောက်နေတယ်လို့ ထင်မြင်ယူဆတဲ့အခါမှာ ဘယ်လောက်ဘဲစိတ်ဝမ်းတွေကွဲနေပေမယ့် ခဏလေးတော့စည်းရုံးလာတတ်ပါတယ်။ ခဏခဏငြင်းခုံနေကြတဲ့ တဦးနဲ့တဦးမတည့်တဲ့ လူခုနစ်ယောက်ကို ကျားဆိုးရှိတယ်ပြောပြီး တောနက်ထဲသွားချလိုက်ရင် ကျားဆိုးဆိုတဲ့ပြင်ပရန်ကို ကာကွယ်ဘို့ကိုဘဲ အာရုံစိုက်လာနိုင်ပါတယ်။ ဘယ်သူကဒီလိုအခြေအနေမျိုးမှာ survival အတွက် အတွေ့အကြုံရှိမလဲ ဒီလိုလူကိုရှာလာကြတယ်။ ဆရာတင်လာကြတယ်။ တယောက်နဲ့တယောက် ခွဲခွာမသွားရဲဘဲ တပူးတွဲတွဲဖြစ်လာနိုင်ပါတယ်။ ဒါဟာလူ့သဘာဝပါ။ လူ့အပြုအမူတွေပါ။

ကျမတို့မြန်မာလူ့အဖွဲ့အစည်းဟာ နယ်ချဲ့စနစ်ဆိုးရော၊ ဖက်ဆစ်စနစ်ဆိုးရောရဲ့ဒဏ်ကို အတော်ခံစားခဲ့ကြရပါတယ်။ လက်ဆင့်ကမ်းနှုတ်ဆက်စကားနဲ့ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဘာသာ၊ ကိုယ့်စာ ဆိုတာကိုလည်း သားစဉ်မြေးဆက်မျိုးချစ်စိတ်အမွေအနေနဲ့ ပေးကြပါတယ်။ ဒါကြောင့် မြန်မာလူ့အဖွဲ့အစည်းအတွင်းမှာ နိုင်ငံခြားသားနဲ့အနေဝေးရုံသာမက အတွေးအခေါ်အနေနဲ့လည်း စိမ်းပါတယ်။ လူနဲ့စနစ်ကိုခွဲခြားမမြင်နိုင်အောင်လည်း အာဏာရှင်တွေက ပြုမူစီမံထားကြပါတယ်။

ဒီတော့ သာမန်ကြီးပြင်းလာတဲ့ ကလေးတယောက်ဟာ စာစသင်ရတာနဲ့ သမိုင်းဆိုးရဲ့ရုပ်ပုံလွှာတွေနဲ့ စထိတွေ့ရပါတယ်။ စနစ်ကိုမုန်းတီးတတ်အောင် စစ်ကို ရှောင်နိုင်အောင် သင်ပေးတာမဟုတ်ဘဲ လူမျိုးရေးမုန်းတီးမှုနဲ့ မျက်ကန်းမျိုးချစ်ဝါဒတွေကိုအခြေခံပြီး သင်ကြားပေးထားတဲ့ ဒီသင်ရိုးတွေနဲ့ကြီးပြင်းအရွယ်ရောက်လာပါတယ်။ လူငယ်တွေရဲ့စိတ်ကို အများဆုံးလွှမ်းမိုးစေနိုင်တဲ့ ဂီတ၊ ရုပ်ရှင်တွေမှာကလည်း မျက်ကန်းမျိုးချစ်ဝါဒကို တွန်းအားပေးထားပါတယ်။ သမိုင်းကို သမိုင်းမှန်အနေနဲ့ မှတ်တမ်းတင်သရုပ်ဆောင်မှုတွေတင်မဟုတ်ဘဲ နာကျည်းမှု၊ အထင်အမြင်လွဲမှားမှု၊ လူမျိုးရေးမုန်းတီးမှု၊ လက်စားချေမှုတွေကိုဦးတည်တဲ့ ဇာတ်လမ်းပြကွက်တွေကလည်း အတော်များပြားပါတယ်။

ဒီလိုပုံသဏ္ဍာန်နဲ့ကြီးပြင်းလာတဲ့ လူငယ်တွေဟာ အထက်တန်းကျောင်းပြီးပြီး အရပ်သားဘဝနဲ့ လူတွေနဲ့ထိတွေ့မှု အချိန်တိုကာလလေးအတွင်းမှာဘဲ စစ်ကျောင်းတွေကိုရောက်သွားပါတယ်။ ဒီလိုနဲ့ အရာရှိဖြစ်လာတဲ့လူငယ်တွေကို ပြည်ပနိုင်ငံတွေ၊ အနောက်အုပ်စုတွေက မြန်မာနိုင်ငံကိုကျူးကျော်ဘို့ လုပ်နေတယ်ဆိုပြီး ဘုံရန်သူကိုလက်ညှိုးထိုးပေးထားခဲ့ပါတယ်။

**ရှေ့အပတ်ဆက်လက်ဖော်ပြပါမည်**

# လူတုပ်ကွေးရောဂါကို နိုင်ငံခြားပြန်ရောဂါဆိုပြီး ပြည်သူတွေကြား ပေါ့ဆမှုများနေ

**DVB | ဩဂုတ် ၃ ။** ။ ကမ္ဘာ့လူတုပ်ကွေးရောဂါနဲ့ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က ကပ်ရောဂါတခုအဖြစ် သတ်မှတ်ထားပြီး လူသုံးယောက်မှာ တယောက်ကူးစက်နိုင်တယ်လို့ ကြေညာထားပေမယ့် မြန်မာပြည်သူတွေကြားမှာတော့ ဒီရောဂါနဲ့ပတ်သက်ပြီး ပေါ့ဆလာကြတဲ့ အခြေအနေမျိုးတွေဖြစ်နေတယ်လို့ သိရပါတယ်။

ကမ္ဘာ့လူတုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီး မြန်မာပြည်သူတွေကြားမှာ နိုင်ငံခြားက ပြန်လာသူတွေသာဖြစ်တဲ့ရောဂါပါ၊ သာမန်ပြည်သူတွေအနေဖြင့် မဖြစ်နိုင်ဘူးဆိုပြီး ပေါ့ပေါ့ဆဆဖြစ်လာတာပါ။ ဒီလို ပြည်သူတွေကြားထဲမှာ ပေါ့ဆလာပုံကို ရန်ကုန်မြို့ခံတဦးက ပြောပါတယ်။

“အပြင်ကပါလာတဲ့ လူပဲဖြစ်တယ်၊ ဖြစ်ပြီးပျောက်တဲ့လူလည်း ပျောက်သွားတယ်၊ အသေပျောက်လည်းမရှိဘူးဆိုတော့ သိပ်မကြောက်ကြတဲ့သဘောမျိုးဖြစ်တာပါ။ မစိုးရိမ်ကြဘူးဖြစ်သွားတာပါ။ ဒါတွေက နိုင်ငံခြားဝင်တဲ့ လူတွေချည်းပဲသတင်းတွေမှာဖော်ပြတာလား၊ ဒါမှမဟုတ် အကုန်လုံးအမှန်ပဲလားဆိုတာတော့ ကျနော်တို့လည်းမသိဘူး၊ အခု ဝေဘာဂီတို့လို ဆေးရုံမှာစောင့်ကြည့်ပြီး ကုသနေတဲ့လူတော့ရှိတယ်လို့ အဲဒီဆေးရုံရပ်ကွက်တွေက ပြောတာတွေရှိတယ်။ အဲမှာတော့ လူတွေများများစားစားရှိတယ်ပေါ့။ များသောအားဖြင့် လူထုအတွင်းမှာ သိပ်အလေးအနက်မထားတော့ဘူး၊ သိပ်ကြောက်စရာကောင်းတယ်လို့ သိပ်မရှိကြဘူး။ လူတိုင်း သိတော့သိတယ်၊ ဝက်တုတ်ကွေး၊ ဝက်တုတ်ကွေးဆိုပြီးတော့ လူတိုင်းပါးစပ်ဖျားမှာ ပေါ်ပင် ဖြစ်သွားတာပဲရှိတယ်။”

အခြေခံ ပြည်သူလူထုတွေကြားမှာတော့ ဖျားနာခဲ့ရင် ဆေးရုံဆေးခန်းတွေကို သွားပြီး ဆေးဝါးကုသ စစ်ဆေးမှုခံယူတာထက် နီးစပ်ရာဆေးဆိုင်တွေက စပ်ပေးတဲ့ဆေးတွေပဲ သောက်တာများတယ်လို့ အဲ့ဒီ မြို့ခံက ပြောပါတယ်။

“ဆေးဆိုင်တွေမှာ စပ်ဆေးတွေဝယ်သောက်တာ ပိုများတယ်။ ဆေးခန်းတော်ရုံတန်ရုံမသွားနိုင်တော့ မသွားကြဘူး။ တခါတလေလည်း အလွယ်တကူရနေတဲ့ ပါရာစီတမောလိုဟာမျိုးနဲ့ပဲ တရက်၊ နှစ်ရက်ကလေးနေကြတယ်။ မသက်သာမှ ဆေးဆိုင်သွားပြီး ဆေးလေးသွားစပ်လိုက်ပြီးတော့ ၁ ရက် ၂ ရက်သောက်လိုက်တယ်။ ဒီဘက်မှာ နဲနဲစိုးရိမ်တတ်တဲ့ မိဘတွေလောက်ပဲ ဆေးခန်းသွားတာ။ ချက်ချင်းဖြစ်ပြီဟေ့ဆိုရင် ဆေးရုံ၊ ဆေးခန်းတို့သွားတာ မရှိသလောက်ပါဘဲ။”

အထွေထွေရောဂါကု အထူးကုဆရာဝန်ကြီး တဦးကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လူသုံးယောက်မှာ တယောက်အထိ ဖြစ်နိုင်တယ်လို့ထုတ်ပြန်ကြေညာထားတာကြောင့် ပြည်သူတွေအနေနဲ့ ရောဂါကူးစက်မှု ကျယ်ကျယ်ပြန့်ပြန့်မရှိသေးဘူးဆိုပေမယ့် ဂရုတစိုက်နေသင့်တယ်လို့ ပြောပါတယ်။

“ဗိုင်းရပ်စ် ၄ ခုနဲ့ ဒုက္ခပေးနေတော့ အဲဒီ ၄ ခုကိုပဲ သူတို့က AH1N1 လို့မပြောဘဲနဲ့ အဲဒီ ၄ ခုက သုံးယောက် တယောက်ကူးနိုင်တယ်လို့ပြောတယ်။ WHO က ဘယ်လောက်အထိကြောက်နေလဲဆိုတော့ အကယ်၍များ ၃ ယောက် ၁ ယောက်ကူးလို့ရှိရင် ကမ္ဘာ့အနှံ့ဖြစ်ပွားတဲ့ရောဂါ ဖြစ်သွားလိမ့်မယ်။ လန်ဒန်မှာ လူတသိန်းကျော်လောက် အဖိတ်အစင်ရှိနိုင်တယ်လို့ကြိုပြီး သူတို့ခန့်မှန်းထားတယ်။ ဒါပေမယ့် ကျနော်တို့ဆီမှာ အရှိန်ကျသွားတယ်၊ ရန်ကုန်မှာဆိုရင် Mask တွေတပ်တာ လျော့သွားတယ်။ အမြဲတမ်း ကျနော်တို့လူနာတွေ အားလုံးကို ကျနော်ပြောတယ်။ ချောင်းဆိုးတာ၊ နှာချေတာ၊ စကားအော်ပြောတာ၊ သီချင်းဆိုတာတွေ သတိထားရမယ်။”

ကျန်းမာရေးဝန်ကြီးဌာနက ဒီနေ့ နိုင်ငံပိုင်သတင်းစာတွေမှာ ထုတ်ပြန်ကြေညာချက်အရ မြန်မာနိုင်ငံမှာ ၁၃ ယောက်မြောက် လူတုပ်ကွေးရောဂါကူးဆက်ခံရသူ တယောက်ကို ဩဂုတ် ၂ ရက်နေ့က ထပ်မံတွေ့ရှိခဲ့တယ်လို့ ဖော်ပြထားပါတယ်။ သူဟာ မလေးရှားနိုင်ငံက ပြန်လာသူတဦးဖြစ်ပြီး သူနဲ့အတူ လေယာဉ်ပေါ်မှာ ဖျားနာနေသူနှစ်ဦးပါလာပြီး သုံးဦးလုံးကို ဓါတ်ခွဲစမ်းသပ်ရာမှာ တဦးပဲကူးစက်ခံထားရတာကို တွေ့ရှိခဲ့တာပါ။

ရောဂါကူးစက်ခံရတဲ့လူနာတွေကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ ဝေဘာဂီဆေးရုံ၊ အင်းစိန်ဆေးရုံကြီးစတဲ့ ဆေးရုံတွေမှာ ကုသပေးနေပြီး လူနာတွေနဲ့ အတူတကွ လေယာဉ်စီးနင်းလိုက်ပါလာသူတွေနဲ့ လေဆိပ်ဝန်ထမ်းတွေကိုလည်း ရောဂါကူးဆက်ခံရမှု လက္ခဏာရှိမရှိ စောင့်ကြည့်နေတယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံမှာ ရောဂါကူးစက်ခံရသူ ၁၃ ယောက်ရှိပြီး အားလုံးဟာ ပြည်ပကပြန်လာသူတွေဖြစ်ပြီး အဲ့ဒီထဲ ၆ ဦးကတော့ ပျောက်ကင်းနေတာကြောင့် ဆေးရုံကဆင်းခွင့်ပေးလိုက်ပေမယ့် ၇ ဦးကိုတော့ ဆေးရုံပေါ်မှာ ကုသနေဆဲဖြစ်ပါတယ်။

# မြန်မာပြည် ပြုပြင်ပြောင်းလဲရေး အင်ဒိုနီးရှားတွင် ဆွေးနွေးမည်

**DVB | ဩဂုတ် ၄ ။** ။ မြန်မာပြည်မှာ ပြုပြင်ပြောင်းလဲရေးကို ဦးတည်မယ့် အစီအစဉ်အတည်ပြုရေးအတွက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေနဲ့ တိုင်းရင်းသားအင်အားစုတွေ အင်ဒိုနီးရှားမှာ တွေ့ဆုံဆွေးနွေးမယ်လို့သိရပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအစီအစဉ် ရေးဆွဲရေးအတွက် အင်ဒိုနီးရှားနိုင်ငံဂျကာတာမြို့မှာ “ဒီမိုကရေစီနှင့် တိုင်းရင်းသားများ အခွင့်အရေးလှုပ်ရှားမှု MDREN” ဆိုတဲ့ ပူးပေါင်းမဟာမိတ်အဖွဲ့မှာပါဝင်တဲ့ အဖွဲ့အစည်းတွေက အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဆိုပြုချက်ကို အတည်ပြုဖို့ ဒီလ ၁၂ ရက်နဲ့ ၁၃ ရက်မှာတွေ့ဆုံဆွေးနွေးကြမှာပါ။ MDREN မှာ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ NCGUB၊ ENC (တိုင်းရင်းသားလူမျိုးများကောင်စီ–ပြည်ထောင်စု မြန်မာနိုင်ငံ)၊ WLB (အမျိုးသမီးများအဖွဲ့ချုပ်–မြန်မာနိုင်ငံ)၊ စတဲ့ အဖွဲ့တွေပါဝင်ပါတယ်။ ဒီမိုကရေစီနှင့် တိုင်းရင်းသား များအခွင့်အရေးလှုပ်ရှားမှုရဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဆိုပြုချက်ဟာ စစ်အုပ်စုနဲ့ တွေ့ဆုံဆွေးနွေးရေးကို ဦးတည်မျှော်မှန်းတယ်လို့ ထုတ်ပြန်ထားပါတယ်။

ဂျကာတာမှာလုပ်မယ့် ဒီအစည်းအဝေးကို နိုင်ငံတကာ သံတမန်တွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေလည်း တက်ရောက်မယ်လို့ဆိုပါတယ်။ ဒီအစည်းအဝေး ဖြစ်မြောက်ရေးအတွက် မြန်မာ့အရေးဆောင်ရွက်နေတဲ့ အာဆီယံပါလီမန်အမတ်များအဖွဲ့ AIPNC က ပံ့ပိုးကူညီပါတယ်၊ ဒီအစည်းအဝေးကိုတက်ရောက်မယ့် NCGUB ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းကို ဆက်သွယ်မေးမြန်းရာမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်အဆိုပြုချက်ဟာ မြန်မာပြည်အသွင်ကူးပြောင်းရေးကာလမှာ မလွဲမသွေ တွေ့ကြုံရမယ့် ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်ချက်တွေကို ပြောပြမယ့် ထုတ်ပြန်ချက်ပါပဲလို့ပြောပါတယ်။

“နအဖရဲ့အခြေခံဥပဒေဟာ အဲ့ဒီအချက်ကိုတော့ ပြောင်းမယ်။ ဒါကိုပြန်လည်သုံးသပ်ရင်တော့ အခက်အခဲတွေကျော်လွှားနိုင်မယ်။ ဒါ သူတို့ဆွဲတဲ့ဟာကိုး။ အားလုံးကိုပြင်ဖို့မလိုဘူး။ သို့သော်လည်း အရေးကြီးတဲ့အချက်တွေကိုတော့ ပြန်လည်သုံးသပ်သင့်တယ်လို့ ကျနော်တို့ ပြန်ပြောထားတာပါ။”

ဒီ အဆိုပြုကမ်းလှမ်းချက်ကို နအဖစစ်အုပ်စုဆီကိုလည်း ပေးပို့မှာဖြစ်ပြီး နိုင်ငံရေးသာမက စီးပွားရေးစတဲ့ ကဏ္ဍပေါင်းစုံမှာ ပြုပြင်ပြောင်းလဲသင့်တဲ့ကိစ္စတွေလည်း ပါဝင်မယ်လို့ ပြောကြားပါတယ်။

“ဒီကနေ့ဗမာပြည်မှာ ကျင့်သုံးနေတာ တကယ့်ဈေးကွက်စီးပွားရေးမဟုတ်ဘူး။ လိုအပ်တာတွေအများကြီးရှိတယ်။ ဥပမာ ဘဏ်တိုက်တွေနဲ့ပတ်သက်တာ လုပ်ဖို့ကိုင်ဖို့အများကြီးလိုတယ်။ ငွေကြေးဖောင်းပွမှုကိစ္စတွေနဲ့လုပ်ဖို့ကိုင်ဖို့ အများကြီး လိုတယ်။ ကျန်းမာရေး၊ ပညာရေး ဒါတွေလည်း အများကြီးလိုတာပဲ။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု တခုတည်းမဟုတ်ဘူး။ ဗမာပြည်ရဲ့ ဒီနေ့အခြေအနေဟာ အများကြီးလိုတယ်ဆိုပြီးတော့ ကျနော်တို့ ပြောပြတယ်။”

from 8888 to ......


BANG
BANG
BANG
2007-SAFFRON REVOLUTION
BANG
BANG
BANG!
8-8-09
MADE IN N-KOREA

# နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးနှင့် ရွေးကောက်ပွဲကို မွန်ပြည်သစ် လက်မခံ

**DVB၊ ဩဂုတ် ၃။** ။ ရွေးကောက်ပွဲဝင်ရေးနဲ့ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေးကို လက်မခံနိုင်ဘူးလို့မွန်ပြည်သစ်ပါတီက ပြောဆိုလိုက်ကြောင်း သိရပါတယ်။

မွန်ပြည်သစ်ပါတီရဲ့ ဌာနချုပ်တည်ရှိရာ ရေးချောင်းဖျားမှာ ပြုလုပ်ခဲ့တဲ့ ဗဟိုကော်မတီ အရေးပေါ် အစည်းဝေးကနေ အခုလို ဆုံးဖြတ်လိုက်တာဖြစ်တယ်လို့ မွန်ပြည်သစ်နဲ့ နီးစပ်သူတဦးက ပြောပါတယ်။ သူတို့ပါတီအနေနဲ့ အမျိုးသား ညီလာခံကို သပိတ်မှောက်ထားပြီးဖြစ်လို့ အဲဒီကနေ ထွက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရွေးကောက်ပွဲကို နိုင်ငံရေးအရ လက်မခံနိုင်ဘူးလို့ ပြောပါတယ်။ မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ကို နယ်ခြားစောင့် တပ်အဖြစ် အသွင်ပြောင်းရင် မွန်ပြည်သစ်ပါတီ တပ်လက်မဲ့ဖြစ်သွားနိုင်တာမို့ လက်တွေ့သဘောအရ ဒါကိုလည်း လက်မခံနိုင်ဘူးလို့ ဗဟိုကော်မတီက ဆုံးဖြတ်ခဲ့တယ်လို့ အဲဒီပုဂ္ဂိုလ်ကဆိုပါတယ်။ ဒီဆုံးဖြတ်ချက်တွေကို စစ်အုပ်စုဘက်က လက်မခံလို့စစ်ရေးအရ ဖိအားပေးလာမယ်ဆိုရင်လည်း ရင်ဆိုင်ရုံမှတပါး တခြားမရှိဘူးလို့ ဗဟိုကော်မတီက သဘောထားကြောင်းလည်း သိရပါတယ်။

ဒါပေမယ့် ပါတီခေါင်းဆောင်ပိုင်းက အခုအချိန်အထိ အစည်းအဝေး လုပ်နေဆဲဖြစ်တဲ့အတွက် တိုက်ရိုက်ဆက်သွယ်လို့ မရသေးပါဘူး။ ဒီအတောအတွင်း တရုတ်နယ်စပ်က ဝင်လာတဲ့ သတင်းတပုဒ်အရ နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းရေးကိုငြင်းပယ်ထားတဲ့ ကေအိုင်အို ထိန်းချုပ်နယ်မြေရှိ လိုင်ဇာ တရုတ်–မြန်မာနယ်စပ် ကုန်သွယ်ရေးဂိတ်ကို နအဖက ပိတ်လိုက်ပြီး အသွင်ပြောင်းရေးကို လက်ခံတဲ့ စင်ပြိုင်ကချင်အဖွဲ့ အင်ဒီကေကေ ထိန်းချုပ်နယ်မြေကန်ပိုက်တီးမှာ ဖွင့်လှစ်ဖို့ပြင်ဆင်နေကြောင်း သိရပါတယ်။ ဒါဟာ ကေအိုင်အိုကို နအဖက စီးပွားရေးအရ ဖိအားပေးတာဖြစ်ပြီး တရုတ်နယ်စပ်ရှိ တခြားငြိမ်းတွေကိုလည်း အလားတူ လုပ်လာဖွယ်ရှိတယ်လို့ နယ်စပ်သတင်းရပ်ကွက်တွေက ပြောပါတယ်။ သိန္နီအခြေစိုက် စကခ ၁၆ လက်အောက်ခံ တပ်ရင်း ၃ ရင်းဟာ နန်တဒေသဆီ ဒီနေ့ရောက်ရှိလာကြောင်း သိရပါတယ်။ နန်တဟာ UWSA ဝ ငြိမ်းချမ်းရေးအဖွဲ့နဲ့ ကိုးကန့် အဖွဲ့တွေကို တိုက်ခိုက်နိုင်ဖို့ မဟာဗျူဟာမြောက်တဲ့ ဒေသဖြစ်တာကြောင့် နယ်ခြားတပ်အဖြစ် အသွင်ပြောင်းရေးနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံတဲ့ ငြိမ်းအဖွဲ့တွေ အားလုံးကို နအဖဘက်က စစ်ရေးအရပါ ဖိအားပေးမယ့်သဘော ရှိနေတယ်လို့ အကဲခတ်တွေက ပြောပါတယ်၊ ဒါပေမယ့် တရုတ်နယ်စပ်ရှိ စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ဒါဟာ တကယ်ထိုးစစ်ဆင်ဖို့ မဟုတ်ဘဲ ဟန်ရေးပြ ခြိမ်းခြောက်မှုသာ ဖြစ်တယ်လို့ ပြောပါတယ်။

"တပ်ရင်း ၃ ရင်းရွှေ့တာ နန်တစ်မှာ တကယ်တိုက်ဖို့ မရည်ရွယ်ပါဘူး။ နန်တစ်က ကွမ်လုံရဲ့အရှေ့မြောက်ဘက်လောက် ကျတယ်။ နအဖစစ်အုပ်စုပိုင်နယ်မြေ၊ ကိုးကန့်နယ်မြေနဲ့ ဝ နယ်မြေရဲ့ စပ်ကြားနယ်မြေ။ အဲ့ဒါနဲ့ကပ်ရက် ဝ နယ်ထဲမှာ နန်တစ်အထူးမြို့နယ်လို့ ကျနော်တို့ ခေါ်တယ်။ နန်တစ်အထူးမြို့နယ်က မြို့နယ်မှူးက ၃၁၈ တပ်မဟာမှူးနဲ့ တွဲပြီး ၃၁၈ တပ်မဟာက ၃ ထောင်လောက်ရှိတယ်။ အဲ့ဒီနားတပိုက်ကို အင်အား ၃၀၀ နဲ့ စုစုပေါင်း ၄၅၁ ယောက်ပဲပါတယ်။ တင်းမာမှု နည်းနည်းပိုကြီးလာတဲ့ သဘောမျိုးပြချင်လို့ သူတို့တပ်ရွှေ့တာမျိုး၊ တကယ်တော့ အင်အား ၄၀၀ ကျော်နဲ့ သူဘာသွားလုပ်မှာတုန်း။ အစွန်ဆုံးစခန်းကို တက်တိုက်မယ်ဆိုရင် သူ့ပေါ်လစီက မှားသွားမယ်။"

*Voice of Burma*

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

To

AIR MAIL

PRINTED MATTER